
သန်းထွန်း
ရေး



# ဖက်ဆစ်ကျွန်ဘဝ မှ လွတ်လပ်ရေးသို့

# ကွန်မြူနစ်ပါတီ ၃၁၄၀၂၆

## ဗဟိုဒိုရ်ကော်မီတီချဲ့အစည်းအဝေး
## {၇-၁၂-၄၅ မှ ၁၃-၁၂-၄၅ အထိ}
## သို့
## တင်ပြသောနိုင်ငံရေးအစီရင်ခံစာ။

———— ဦးအုန်း - ဒေါက်တာသက်သက်နွယ်


၁။ ။ဗြိတိသျှလက်ဝါးကြီးအုပ်အရင်းရှင်စံနစ်၊

၂။ ။တိုင်းပြည်စည်းလုံးရေး-ကြိုးပမ်းမှု၊

၃။ ။တိုင်းပြည်၏လိုလားချက်နောက်တွင် တတိုင်းပြည်လုံးစည်းရုံးခဲ့ပုံ၊

၄။ ။ညီညွတ်ရေးတပ်ပေါင်းစု၏ ရှေ့အဖို့လုပ်ငန်းစဉ်။

၅။ ။ညီညွတ်ရေးပြဿနာ၊

၆။ ။လက်စဲဂိုဏ်းညီညွတ်ရေး၊

၇။ ။စည်းရုံးရေးပြဿနာ၊

၈။ ။ကွန်မြူနစ်ပါတီ၏ဘာဝန်၊

## ၁။ ၊ဗြိတိသျှထက်ဝါးကြီးအုပ်အရင်းရှင်စံနစ်၊

စစ်မဖြစ်မီက ဗြိတိသျှ နိုင်ငံချဲ့စံနစ်သည် မြန်မာပြည်တွင် စက်မှု လက်မှုလုပ်ငန်း တိုးတက်ရေးကို အားမပေးခဲ့ပေ၊ ဗြိတိသျှစက်မှုလုပ်ငန်းအား ကုန်ကြမ်းသွင်းတို့တိုင်းပြည်အဖြစ် နှင့်သာထားခဲ့၏၊ ထိုရာတွင် စီးပွါးရေးသဘောထားမှာ လွတ်လပ်စွာ ပြိုင်ဆိုင်မှုဝါဒ ဖြစ်သည်၊ အရင်း အနှီး အင်အားနဲ သောဗမာပြည်သူပြည်သားတို့သည် ဗြိတိသျှနှင့် ကုလား အရင်းရှင်များနှင့်ပြိုင်ဆိုင်တိုက်ခိုက် နိုင်ခြင်းမရှိခဲ့ပေ၊

ဗြိတိသျှအရင်းရှင်စံနစ်သည်၊ ဗမာပြည်တွင် အလယ် အလတ်လူတန်းစားကိုမွေးထုပ်ခဲ့၏၊

ဒိုင်အာခီအုပ်ချုပ်ရေးရရှိသည့်အခါမှစ၍၊ ဗမာ အလယ် အလတ်တန်းစားသည် တဖြည်းဖြည်း အင်အား ကြီးမားလာခဲ့၏၊ အင်အားကြီးလာသည်နှင့်အမျှ သူတို့သည် အခွင့်အရေး ထိုပို၍ပို၍တောင်းခဲ့၏၊

၃၉-ခုနှစ်၊ စစ်ဖြစ်သောအခါ၊ အနည်းငယ်မျှ ပို၍မပေး နိုင်သောအခြေအနေသို့ဆိုက်ရောက်လာလေသည်၊

၄၂-ခုနှစ် ဗြိတိသျှတို့ ဆုတ်ခွါ သည့်အခါ၊ ဗြိတိသျှတို့ သည်(Liberal Capitalism) ဝါဒကိုအဆုံးသတ်ခဲ့ပေသည်၊

၃-နှစ်အတွင်း ဗြိတိသျှ အရင်းရှင်စံနစ်၏ အခြေအနေမှာ လုံးဝပြောင်းလဲလာခဲ့၏၊

ဃ။ ။နိုင်ငံရပ်ခြားဒိုမီနီယံများတွင် မြုပ်နှံထားသည့်အရင်းအနှီးအားလုံးကိုရောင်းခဲ့ရ၏၊

 င။ ။အမေရိကက Lease and Lend ရပ်စဲပြစ်လိုက်သဖြင့်၊ ဗြိတိသျှအခက်အခဲတွေ့နေ၏၊ အမေရိကထံမှ ငွေကြေးထပ်ချေးရန် ကြိုးစားနေရ၏၊ အမေရိကက Imperial preference ယုတ်ဆိမ်းရမည်ဟု ဆိုနေ၏၊

စ။ ။အိန္ဒိယမှာဗြိတိသျှအပေါ်တွင် ကုဋေတရာ့လေးဆယ်တင်နေ၏၊ အိန္ဒိယပြည်ရှိ ဗြိတိသျှ အရင်းအနှီးတို့ကို အိန္ဒိယအား လွှဲအပ်ရန် အင်္ဂလန်ပြည်မှ စက်ပစ္စည်းနှင့် လူသုံးပစ္စည်းများပေးရန်၊ အမေရိကာဒေါ်လာနှင့်လဲ၍ အမေရိကာ ပစ္စည်းဝယ်နိုင်ခွင့်ရရန်အိန္ဒိယကတောင်းဆိုနေသည်၊

ဆ။ ။Demobilization, unemployment, housing, reconstruction စသောပြဿနာများနှင့် ဗြိတိသျှအစိုးရရင်ဆိုင်တွေ့နေ၏၊ အင်္ဂလန်ပြည်တွင် Mass-production လုပ်ရမည်၊ လုပ်သောပစ္စည်းများကိုလည်း ဝယ်သူရှိရမည်၊ ကြည့်ကြည့် ဖြူဖြူ ဝယ်စေရန်နှင့် ၊ ၁တင်းဝယ်ခိုင်းရန်ဖြစ်၏၊

ကြည့်ကြည့်ဖြူဖြူ၀ယ်စေရန်အတွက် ဗမာပြည်ကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးမည်ဟူသောလေသံများပေါ်နေသည်၊

ထိုအချိန်မရောက်မှီ၊ အဘင်း၀ယ်ခိုင်းရန်နှင့် ရှိသမျှပစ္စည်းများကို ထက်ဝါးကြီးအုပ်ရန်ကြိုးစားနေသည်

က၊ ၊အမေရိကံ အရင်းအနှီးသမားများက ထိုး၀င်ရန်ကြိုးစားနေ၏၊

ခ၊ ၊တိုးတက်လာသောကုလားအရင်းရှင်တို့ကလည်း မြန်မာပြည်ကို သူတို့စားကြက် အောက်မေ့သည်၊

မြိတိသျှအရင်းရှင်စံနစ်သည်၊ ၎င်းတို့နှစ်ဦးလုံးကို ခွင့်မပြုနိုင်၊ ထို့အတွက်ထက်ဝါးကြီးအုပ်ရန်ဗိုင်းပြင်းနေ၏၊

ကုလားအရင်းရှင်တို့အား မတတ်သာသော အကြောင်းများကြောင့် လျှော့ပေးရစေကာမူ၊ ဗမာပြည်တွင် ကုလားအရင်းရှင်တို့၏ မစ္စည်း ဖြစ်ထွန်း စေသော အရင်း အနှီး (Industrial Capital) ကို မြုပ်နှံခွင့် ပေးမည် မဟုတ်။ ကုန်ကူးသန်းရောင်း၀ယ်ရေးအတွက် အရင်းအနှီး (Merchant Capital)ကိုသာမြှုပ်နှံခွင့်ပြုမည်ဖြစ်၏

သို့ဖြစ်၍ မြိတိသျှထက်ဝါးကြီးအုပ်၊ အရင်းရှင်တို့ကအချိန်မှီထက်ဝါးကြီးအုပ်မိဘို့အတွက်ဗိုင်းပြင်းပုံတို့မှာ၊

ရေနံတွင်းများ၊ သတ္တုတွင်းစသော အမြဲ့င် အဆိုင် ရှိနိုင်မည့်လုပ်ငန်းများတွင် မြိတိသျှအရင်းရှင်များကကိုင်ထားခြင်း၊

ဆန်စပါး သစ်တောစသော အပြိုင်အဆိုင်ရှိသောလုပ်ငန်းများ တွင်အစိုးရကိုယ်တိုင်လုပ်မည်ဆိုကာ၊အရင်းရှင်တို့အားကိုယ် စားလှည့်လွှဲအပ်ထားခြင်း။

ကုန်ဝင်ကုန်ထွက်တို့ကိုအခြားသူများမလုပ်စေရန်၊ အရင်း ရှင်ကုန်သည်တစုအားလွှဲအပ်ထားခြင်းစသည်တို့ဖြစ်၏။

(စ) စက္ကူဖြူစာတမ်းအရ၊ စီမံကိန်းနှင့် စစ်မဖြစ်မီက အခြေ အနေအတိုင်းဗမာပြည်ကို–

က။ ထားရှိရန်၊

ခ။ ရွေးကောက်ပွဲနှင့်ဇါတ်မြောပြီးအချိန်ကုန်နေစေရန်၊

ဂ။ ဗြိတိသျှသက်ဝါးကြီးအုပ် အရင်းရှင်တို့သည်သူ နေရာသူပြန်ရောက်စေရန်၊

ဃ။ ဗမာတို့က ချစ်တီးအစရှိသောကုလားအရင်းရှင် များကိုသာ ရှုံ့ရှာမုန်းတီးသွားစေရန်၊

င။ သူတို့၏နိုင်ငံရေးမိတ်ဆွေဟောင်းများကိုအသက် ပြန်သွင်းပေးရန်တို့ဖြစ်၏။

ဤကား ဗမာပြည်တွင် ဗြိတိသျှသက်ဝါးကြီးအုပ် အရင်း ရှင်စံနစ်လုပ်ကိုင်နေပုံဖြစ်၏။

x x x x

## ၂။ တိုင်းပြည်စည်းလုံးရေးကြိုးပမ်းမှု။

ကွန်မြူနစ်ပါတီ သည် လူတန်းစား တရပ်၏ ပါတီဖြစ်၏။

ထို့အတွက်ကွန်မြူနစ်ပါတီ၏ အင်အားသည်လက်အောက်ခံတိုင်းပြည်များ၌ တတိုင်းပြည်လုံး၏ အင်အားကိုယ်စား မပြုနိုင်သေး။

ကိုလိုနီနိုင်ငံများတွင်၊ ဗြိတိသျှအရင်းရှင်စံနစ်အား တိုက်နေရသောဗမာအရင်းရှင်များ၊ အလယ် အလတ်တန်းစားများ၊ ပညာတတ်များ၊ လယ်ပိုင် ရှင်ကလေးများ၊ အလုပ်သမား လယ်သမား လူထုကြီး၊ လူမျိုးရေးအားဖြင့် အနှိမ်ခံရသော လူနဲ့ပုများစသည်ဖြင့် အမြောက်အများရှိနေ၏။

ထိုလူတန်းစားတို့သည်လည်း၊ သူတို့ဆိုင်ရာအစုအဖွဲ့များရှိကြပေသည်။

ကိုလိုနီတော်လှန်ရေးမှာ၊ တတိုင်းတပြည်လုံးကို စုပေါင်း၍နယ်ချဲ့စံနစ်အားတိုက်ခိုက်ရေးဖြစ်သည်၊

ဗြိတိသျှနိုင်ငံချဲ့စံနစ်၏လွှမ်းမိုးမှုကို မခံရပ်နိုင်၍ဗမာပြည်တွင်၊ ၁၉၁၅-ခုနှစ်လောက်ကစ၍ အမျိုးသားလုပ်ငန်းပေါ်ခဲ့သည်။ ထိုလုပ်ငန်းတွင်ပညာတတ်လူတန်းစားများနှင့် လယ်ပိုင်ရှင်ကလေးများပါဝင်ခဲ့ပေသည်၊ ၁၉၂၂-ခုနှစ်အထိအင်အားကြီးမားခဲ့သည်၊ ၁၉၂၂-ခုနှစ်တွင် ဒိုင်အာခီအုပ်ချုပ်ရေးပေးသည်၊ ၎င်းအုပ်ချုပ်ရေးစံနစ်မှာအလယ် အလတ်တန်းစားတို့အား အခွင့်အရေးပေးခြင်းဖြစ်သည်။ အလယ်အလတ်တန်းစားနှင့်လယ်ပိုင်ရှင်လူတန်းစားကွဲပြားသွားလေသည်။

အလယ်အလတ်တန်းစားတို့အင်အားကြီးလာ၏၊ လယ်ပိုင်ရှင်များတဖြည်းဖြည်းလယ်တွေဆုံးလာ၏၊ ၁၉၂၉-ခုနှစ်တွင်

ကမ္ဘာစီးပွါး ကြပ်တည်း မှုဖြစ်သည်၊ ၁၉၃၀-ခုနှစ်တွင်၊ သာယာဝတီ သူပုန်ထသည်၊ လယ်သမားတို့အကျိုးဆောင် မည်ဟုဆိုသောဆင်းရဲသားဝံသာနုဂိုဏ်းပေါ်လာ၏။ ပဋ္ဌမဦး၌ ပညာတတ် လူတန်းစား၏အဖွဲ့ဖြစ်ပြီး ၁၉၃၆-ခုလောက်က စပြီး အလုပ်သမား လယ်သမားတို့ အကျိုးဆောင်ဖြစ်သည့် သခင်ပါတီလည်းပေါ်လာ၏၊

၁၉၂၂-ခုမှ ၃၉-ခုနှစ်အထိ နိုင်ငံချစ်သမားတို့က အခွင့်အရေးဟိုး၍ တိုး၍ပေးသဖြင့်၊ တိုင်းပြည်၏ စည်းလုံးရေးမှာ မအောင်မြင်ခဲ့ပေ၊

၃၉-ခုနှစ်တွင်၊ စစ်၏ဒါဏ်ကြောင့် ညီညွတ်ရန် မိုးစများပေါ်ခဲ့၏၊

ဆင်းရဲသားဝံသာနုအဖွဲ့နှင့် သခင်ပါတီတို့ ပူးပေါင်း၍ ဗမာ့ထွက်ရပ်ဂိုဏ်းထောင်ခဲ့၏၊

လူထု၏အင်အားကိုမယုံကြည်သဖြင့်၊ ဗြိတိသျှနိုင်ငံချဲ့စနစ်ကိုဖက်ဆစ်ဂျပန်၏အကူအညီနှင့်တိုက်ခိုက်သောညီညွတ်ရေးမှာသာဖြစ်ခဲ့၏၊ မျိုးချစ်အဖွဲ့သည် တိုင်းပြည်စည်းလုံးရေးအတွက်သူ့ပါသာသူ သတ်သတ်ကြီးစားခဲ့၏၊ သို့ရာတွင် လယ်ပိုင်ရှင်များအပေါ်တွင် အားခြစိုက်သဖြင့် တိုင်းပြည်အား စည်းလုံးခြင်းမပြုနိုင်ပေ၊

ဂျပန်ခေတ်၌ တို့ဗမာ ဆင်းရဲသားအစည်းအရုံး ပေါ်ပေါက်ခဲ့၏၊ ထိုအစည်းအရုံးသည် လူထုအစည်းအရုံးဖြစ်ခဲ့၏၊ ဂျပန်၏ စည်းပွါးရေး စံနစ်မှာ လက်ဝါးကြီးအုပ် အရင်းရှင်

စံနစ်ကို ပါးရိုက်၍ငင်း၊ ကင်ပေတိုင် စံနစ်နှင့်ငင်း အတင်းတည်ထောင်၍၊ အနှိပ်စက်ခံရသောလူထုကြီးနှင့် နီးစပ်သော တို့ဗမာ ဆင်း ရဲ သား အစည်းအရုံး နောက်ပိုင်းသည် ဂျပန်မုန်းတီးရေးစိတ်ဓါတ်ပြန့်ပွါးရာဖြစ်ခဲ့၏။

တိုင်းပြည်က ဂျပန်မုန်းတီးလာကြောင်း၊ တို့ဗမာဆင်းရဲသားအစည်းအရုံးလူထုကဂျပန်ကိုမုန်းတီးလာကြောင်း၊ ခေါင်းဆောင်များသိ၍၊ထိုနေရာတွင်တို့ဗမာဆင်းရဲသားခေါင်းဆောင်တို့သည်၊ ဂျပန်ပူးပေါင်းရေးကိုလည်း မစွန့်လွှတ် ဂျပန်ကိုကြိုက်လည်းမကြိုက်ဘိုက်သည်းမတိုက်ရဲသဖြင့် တိုးတက်လာသော တို့ဗမာဆင်းရဲသားအစည်းအရုံးကို ၄၃-ခုနှစ်တွင် ဖျက်လိုက်၏။

မဟာဗမာဟူ၍ပေါ်လာ၏၊ထိုနေရာတွင် ဂျပန်လက်ဝါးကြီးအုပ်စံနစ်အား တိုက်ခိုက်ရန်ဖွဲ့စည်းသောညီညွတ်ရေးမဟုတ်သဖြင့်မအောင်မြင်။

ဂျပန်ဝင်ခါကပင် ကွန်မြူနစ်ပါတီသည်၊ဂျပန်ကိုတိုက်ခိုက်ရန်စိုင်းပြင်းခဲ့၏၊ ဂျပန်ဝင်လာသည့်အခါ ဗမာ့တပ်မတော်သည်ငင်း ပြည်သူ့အရေးတော်ပုံအဖွဲ့သည်ငင်း စိတ်ပျက်လာကာတော်လှန်ရန်စိုင်းပြင်းလာကြ၏၊ ထိုနေရာတွင်တဖွဲ့နှင့်တဖွဲ့မပူးပေါင်းမိကြသေးပေ သူတို့သည်ဗမာ့တပ်မတော်၊ တို့ဗမာ ဆင်းရဲသားအစည်းအရုံး အာရှလူငယ်စသော ဥပဒေအတွင်းအဖွဲ့အစည်းများမှအကြောင်းပြု၍ ဂျပန်တိုက်ခိုက်ရေးတိုစည်းရုံးကြ၏၊ ၁၉၄၄-ခုနှစ်တွင်ကွန်မြူနစ်ပါတီ၊တော်လှန်

ရေးပါတီ၊ ဗမာ့တပ်မတော်တို့သည် ဂျပန်တိုက်ခိုက်ရေးအတွက်စည်းလုံးမိကြ၏၊ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်အတွင်းသို့ရခိုင်များ၊ ကရင်များလူငယ်များမျိုးချစ်အဖွဲ့ခေါင်းဆောင်းအချို့ တို့ဗမာ ဆင်းရဲသားအစည်းအရုံး၏ ငယ်သားခေါင်းဆောင်များပါဝင်လာကြ၏။

ဤပူဘုအင်အားနှင့် ဂျပန်တို့ကို တိုက်ခိုက်ခဲ့၏၊ ဂျပန်ကိုတိုက်ခိုက်သဖြင့်လည်း ဤကဲ့သို့စည်းရုံးရေးရရှိသာ၏၊

ဂျပန်ကိုတိုက်ခိုက်ပြီးသည့်အခါရောက်ရှိလာသော ဗြိတိသျှအရင်းရှင်စုံနစ်သည် အခွင့်အရေးများပေးပါက ရရှိပြီးသောစည်းရုံးရေးမှာ ပျက်ပြားသွားနိုင်၏၊ သို့ရာတွင် ဗြိတိသျှအရင်းရှင်စံနစ်က အမြိုင်အဆိုင်ခွင့်မပြုနိုင် ဂျပန်စစ်တပ်သုံးနှစ်အုပ်စိုးသည့်အတွင်း စစ်တပ်အမည်ကိုအသုံးပြုပြီး သကာလဂျပန်အရင်းရှင်တို့အားလက်ဝါးကြီးအုပ်ခွင့်ပေးသကဲ့သို့ ယခုသည်း အစိုးရအမည်ကိုအသုံးပြုပြီးလက်ဝါးကြီးအုပ်ရန်စိုင်းပြင်းနေ၏၊ လယ်သမားတို့သည်ပိုက်ပျိုးရေးကိုအားစိုက်မလုပ်နိုင်အသီးအနှံဈေးကောင်းကောင်းမရကြ၊

အလုပ်သမားတို့မှာလည်း စက်မှု လုပ်ငန်းလိုင်လိုင်မထွန်းကားပုံမကာအခကြေးငွေမှါလည်းစစ်မဖြစ်မှီကအတိုင်းပင်ဖြစ်၏၊နေရေးထိုင်ရေးစာရိပ်မှာကားဆယ်ဆမျှတက်သာလေသည်

မြို့နေ ဆင်းရဲသား တို့မှာလည်း ထိုနည်းရင်းမင်၊ စစ်အတောအတွင်းတွင် တိုင်းပြည်၌ ဝင်ငွေမရှိသဖြင့်၊ အထက်ကုန်အောက်ကုန် ကူးသော ကုန်သည်လူတန်းစားတမျိုး ပေါ်ခဲ့၏၊

ထိုလူတန်းစားတို့မှာလည်း၊ လက်ဝါးကြီးစံနစ် ကြောင့်ငင်း၊ တရုပ် ကုလား ကုန်သည်တို့၏ အပြိုင်အဆိုင် ပြင်းထန်ထဘမှု ကြောင့်ငင်း မိမိတို့၏ အခြေအနေအတွက် တနေ့တခြားပိုးရိမ် လာကြရ၏။

ကုရုပ်စသောလူနဲရတို့သည်ရှေးအခါကဗြိတိသျှအစိုးရနှင့် ရင်းနှီးခဲ့ကြ၏၊ ယခုရာတွင် စစ်အတောအတွင်းသူတို့ကိုမကာယ် နိုင်ကြောင်း တွေ့လာကြ၏၊ ဗမာတွေနှင့် ပိုမို သွေးစည်းလာ ကြ၏၊သွေးစည်းမိသည့်အတိုင်းဂျပန်ကိုပူးပေါင်းတိုက်ခဲ့ကြ၏။ ယခုအခါ၌ ရှေးကသူတို့မျှော်လင့်သကဲ့သို့ ဗြိတိသျှ တို့ထံမှ ထူးထူးခြားခြား အခွင့်အရေးရစရာမရှိ၊သို့ဖြစ်၍ဗြိတိသျှလက် ဝါးကြီးအုပ်အရင်းရှင်စံနစ်ကိုတိုက်ခိုက်ရေးအတွက် ဗမာနှင့် ပေါင်းရမည်ဟူသောစိတ်ဓါတ်သည်ပြန့်ပွါးလာခဲ့၏။

ရှမ်းပြည်စသော ချွင်းချန်ထားသော နယ်များ၌ လူထုကြီး ကားမနိုးကြားသေး၊ သို့ရာတွင်၊ ပညာတတ်တို့မူကား ဗမာ ပြည်နှင့်ပူးပေါင်းရေးကိုလိုလားကြ၏၊

—အတိုချုပ်ဆိုရလျှင် လက်ရှိ ဗမာပြည်၏အခြေအနေသည် ၁၉၂၂-ခု နှစ်မှ ၃၈-ခု နှစ်အထိ၊ အခြေအနေကဲ့သို့ ဗြိတိသျှ အရင်းရှင်စံနစ်မှာသွေးခွဲနိုင်ရန်အခြေအနေမဟုတ်တော့။

— ၁၉၀၅-ခု နှစ်မှ၊ ၂၂-ခု နှစ် အထိ တာသာ၊ သာသနာ ပညာရေးကိုအကြောင်းပြု၍ ညီညွတ်သောပညာတတ်လူတန်း စားနှင့် လယ်ဆုံးအုံသော လယ်ပိုင်ရှင်ကလေးတို့၏စည်းလုံး မှုမျိုးနှင့်လည်းမတူ၊

စီးပွါးရေးဒါဏ်ပြင်းပြစွာခံစားခဲ့ရသဖြင့် လူထုအင်အားနှင့်လက်ဝါးကြီးအုပ်အရင်းရှင်စံနစ်ကိုတိုက်ခိုက်လိုသောစည်းရုံးမှုငင်ဖြစ်တော့သည်။

၍သို့သောတိုင်းပြည်၏စီးလုံးရေးကို တောင့်တင်း ခိုင်မာအောင်လုပ်က ဗမာပြည်၏လွတ်လပ်ရေးမှာမုချ ရရမည်၊

ထိုတိုင်းပြည်၏ စည်းလုံးမှု စိတ်ဓါတ် အထိမ်း အမှတ် ပြရာကား၊ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ဖြစ်တော့၏၊

x x x x

၃။ ။တိုင်းပြည်၏ လိုလားချက်နောက်တွင် တတိုင်းပြည်လုံးအားစည်းရုံးခဲ့ပုံ၊

ဂျူလိုင်လတွင်ကျင်းပသော ကွန်မြူနစ်ပါတီကွန်ဂရက်၌-

က။ ။စစ်အုပ်ချုပ်ရေးရပ်ဆိုင်းရေး၊

ခ။ ။ယာယီအမျိုးသားအစိုးရဖွဲ့စည်းရေး၊

ဂ။ ။မြို့ပြတိုင်းပြည်များကိုမိမိဖန်တည်းနိုင်ရေးအတွက်အရွယ် ရောက်သူတိုင်းကဆန္ဒမဲနှင့်ရွေးကောက်တင်မြှောက်သောတိုင်းပြုပြည် ပြုလွှတ်တော်အမြန်ခေါ်ရေးစသည်တို့ကိုလက်ငင်းနိုင်ငံရေးလိုလားချက်များ အဖြစ်ဖြင့်၊သတ်မှတ်ခဲ့ပေသည်

စစ်အုပ်ချုပ်ရေး ရင်ဆိုင်းရေးအတွက်၊ တစ်တိုင်းပြည်လုံး မှတောင်းဆိုခဲ့၏၊ စစ်အုပ်ချုပ်ရေး ရပ်စဲရာ ရပ်စဲကြောင်းကို လည်းအပြင်းအထန်ဆောင်ရွက်ခဲ့ကြ၏၊ ဂျူလိုင်လကွန်ဂရက် ပြီးသည့်နောက်၊ လက်ငင်းလုပ်ငန်းမှာ ယာယီအစိုးရ ရရှိရေး အတွက်၊ တိုင်းပြည်ညီညွတ်ရေး ရရှိရန်ဖြစ်၏။ ကွန်ဂရက် တွင် အောက်ပါဆုံးဖြတ်ချက်ကိုချမှတ်ခဲ့၏။

"ပြည်သူ့ ခေါင်းဆောင်များ၊ တိုင်းရင်းသား အမျိုးမျိုး၏ ခေါင်းဆောင်များသည်၊ အလျှင်အမြန် ညှိနှိုင်းပြီးသကာလ၊ တိုင်းပြည်က မလိုလားသူများ မပါဝင်ရေး ဂျပန်ကို ထိထိ ရောက်ရောက်တိုက်မည့်သူများ၊ နိုင်ငံကို စွမ်းစွမ်းတမံ ပြန် လည်ထူထောင်မည့်သူများပါဝင်ရေးကိုကြိုးစားရမည်၊

(ခ)၊ ၊ဘုရင်ခံ၏တံခိုးအာဏာများသည်ပြည်သူ့ကိုယ် စားလှယ်များလက်ထဲရောက်လာအောင်ကြိုး စားရမည်၊

(ဂ)၊ ၊နိုင်ငံအုပ်ချုပ်ရေး ရေးဆွဲရန် လွှတ်တော်ကြီး အ တွက် ရွေးကောက်ပွဲကို တနှစ်အတွင်းခေါ်ဆို နိုင်ရန်ကြိုးစားရမည်၊ ၎င်းအပြင်—

၁။ ၊ယာယီအစိုးရအဖွဲ့တွင်ပါဝင်သောတိုင်းပြည်၏ ကိုယ်စားလှယ်များကို ယာယီခေတ်ကာလ အတွင်း၌ပြည်သူတို့အစည်းအရုံးကကြိုးကိုင် ထားရမည်၊

၂။ ။ပြည်သူတို့၏လိုလားချက်များကို၊ ယာယီအစိုးရ အဖွဲ့ဝင်များက ဆောင်ရွက်ပေးနေရန်၊ ပြည်သူတို့ကအမြဲတစေသို့ ဆော်နေရမည်၊

ပြည်သူတို့၏နိုးကြားထကြွမှုကြောင့်၊ မိမိတို့၏ ကံကြမ္မာကို ဖန်တီးရမည့်အခါကာလသည် နီးကပ်၍လာလေပြီ။ အမြန်ဆုံး ဆိုက်ရောက်ရန်မှာ ပြည်သူတို့၏စည်းရုံးမှု ဆက်လက်ပြန့်ပွါး ရန်ဖြစ်သည့်အတိုင်း၊ ပြည်သူတို့၏ အစည်းအရုံးပြန့်ပွါးမှုကို ကွန်မြူနစ်ပါတီသည် မနေမနား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

အထက်ပါတို့ကို အခြေခံထား၍–

(က)။ ။ဂျပန်အားတိုက်စစ်ဆင်ရေး တိုင်းပြည်ပြန်လည် ထူထောင်ရေးလိုလားသောအခြားပါတီများ၊ တိုင်းရင်းသား လူမျိုးတို့ အဖွဲ့အစည်း များနှင့် ညှိနှိုင်းကာ ယာယီအစိုးရ ဖွဲ့စီးရေးကိုင်း–

(ခ)။ ။၎င်းယာယီအစိုးရ အဖွဲ့အစည်းတွင်၊ ကွန်မြူနစ်ပါတီဝင်များပါဝင်ရေး မပါဝင်ရေးကိုဆုံး ဖြတ်ရန်၎င်း ဤကွန်ဂရက်က ဗဟိုရ်ကော်မီတီအသစ်အား လုံးဝ တာဝန်ခွဲအပ်လိုက် ကြောင်း၊

ဂျူလိုင်လတွင်ကျင်းပသောဗဟိုရ်ကော်မီတီ
အစည်းအဝေးက—

က။ ။ယာယီ အမျိုးသားရရှိရေးအတွက် အခြားအဖွဲ့များနှင့်ညှိနှိုင်းရေးတွင် ကွန်မြူနစ်ပါတီကခေါင်းဆောင်ဦးစီး၍ဆောင်ရွက်ရန်၊

ခ။ ။ထိုအစိုးရ ရရှိလျှင်၊ ကွန်မြူနစ်ပါတီက ပါဝင်ဆောင်ရွက်ရန်၊

ဂ။ ။ကွန်မြူနစ်ပါတီ၏ကိုယ်စားလည်ကိုနိုင်ငံရေးအမှုဆောင်အဖွဲ့က ရွေးချယ်ရန်စသည့်တို့ကို ဆုံးဖြတ်ခဲ့ပေသည်၊

ကွန်မြူနစ်ပါတီသည်၊ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်တွင်၊ အပါအဝင် ဖြစ်သည့်အတိုင်း ယာယီ အမျိုးသားအစိုးရ ရရှိရေးအတွက် ညှိနှိုင်းရေး တပ်ပေါင်းစုကို ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်အားဖြင့် ဖြစ်မြောက်အောင်ဆောင်ရွက်ခဲ့ပေသည်၊

ထိုအခါအတွင်း ဗိုလ်ဗမာအစည်းအရုံးကကြီးမှူး၍ စင်ပြိုင်ညှိညွှတ်ရေးတပ်ပေါင်းစုတရပ်ကိုဖွဲ့စည်းခဲ့ပေသည်၊

ထိုစင်ပြိုင်ညှိညွှတ်ရေးတပ်ပေါင်းစုတွင် ယခုအခါ တရားဝန်ကြီး ဖြစ်သွားသော ဦးသိန်းမောင် ဘုရင်ခံ၏ အမှုဆောင်အဖွဲ့တွင်ပါဝင်နေသော ဦးပု၊ ဦးအေး၊ ဦးဘအုံးတို့က အကြီ

ဥာဏ်ပေးဆရာကြီးများဖြစ်၍ ကွန်မြူနစ်ပါတီ၊ ကို မလိုလား သူတစုပါဝင်သော ကွန်မြူနစ်ဆန့်ကျင်ရေး ညီညွတ်ရေးတပ်ပေါင်းစုဖြစ်ပေသည်။

ဖက်ဆစ်ကိုတိုက်ရင်းစည်းလုံးမှုရရှိခဲ့သော ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကို တိုက်ခွဲရန်ဖြစ်သော ညီညွတ်ရေးတပ်ပေါင်းစုသည်းဖြစ်ပေသည်။

၎င်းကဲ့သို့မသမာသော ညီညွတ်ရေးကို ကွန်မြူနစ်ပါတီသည်၎င်း၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်သည်၎င်း၊ အတင်းတိုက်ခိုက်ဖျက်ဆီးခဲ့ရလေသည်။

ဩဂုတ်လ ၁၆–၁၇–၁၈ ရက်နေ့များတွင်၊ ခေါင်းဆောင်များ၏ အစည်းအဝေးကို ကျင်းပသည်။ ဩဂုတ်လ ၁၉–ရက်နေ့တွင်နေသူရိန်အစိုးအဝေးကြီးကိုကျင်းပခဲ့၏။ ထိုအစည်းအဝေး၏အဓိကဆွေးနွေးချက်များမှာ–

က။ ။ယာယီအမျိုးသားအစိုးရ ရရှိရေး။

ခ။ ။တိုင်းပြု–ပြည်ပြုလွှတ်တော်ခေါ်ရေး။

ဂ။ ။နိုင်ငံစည်းလုံးညီညွတ်ရေးတို့ဖြစ်ပေ၏။

နေသူရိန် အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို တတိုင်း တပြည်လုံးက သူထုအင်အားနှင့် ထောက်ခံခဲ့ပေသည်၊ အောက်တိုဘာလ ၁၆ ရက်နေ့အထိ နေသူရိန် အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း ယာယီအမျိုးသား အစိုးရ ရရှိမည့်အရိပ်နိမိတ်များမပေါ်ပေါက်ပေ။

ထိုအတောအတွင်း “(က) တိုင်းပြည်က စည်းလုံး၍ ယာယီ အမျိုးသား အစိုးရ ရရှိရေးအတွက် တောင့်ခံကြရန်၊

(ခ) ၊ဘုရင်ခံက တဦးစီးခေါ်ချင်လက်မခံကြရန်” ကွန်မြူနစ်ပါတီက ကြေငြာချက် တရပ်ထုတ်ပြန်ခဲ့လေသည်၊ (စက်တင်ဘာလ ၂၉ ရက်နေ့ ကြေငြာချက် “ပြည်သူ့အာဏာ” အမှတ် ၁ တွင်ကြည့်ပါ။)

ဘုရင်ခံရောက်ပြီးသည့်နောက် ဆွေးနွေးရာတွင် ယာယီ အမျိုးသားအစိုးရမရနိုင်ဘို့သေချာလာခဲ့၏။

ဗဟိုရ်ဦးစီးအဖွဲ့ အစည်းအဝေးတွင် ဘုရင်ခံ ပေးသည့် အဘိုင်းသက်ခံရန်၊ သို့မဟုတ်ငြင်းပယ်ရန်ပြဿနာပေါ်ပေါက်လာခဲ့၏။

ကွန်မြူနစ်ပါတီကပင် ပဌမဦးဆုံးထ၍ လက်ခံရန် ရဲရဲတင်းတင်း အကြံပေးခဲ့လေသည်၊ ထိုအကြံပေးချက်ကို အားလုံးကသဘောတူပြီး စည်းကမ်းနှင့် လက်ခံရန်ဆုံးဖြတ်ကြလေသည်၊

စည်းကမ်းများမှာ ကွန်ဂရက်က ပြဋ္ဌာန်းသော စည်းကမ်းချက်များ အကြုံးဝင်သည့် စည်းကမ်းချက်များဖြစ်ပေသည်။

ဘုရင်ခံ၏အမှုဆောင်အဖွဲ့တွင်ကွန်မြူနစ်ပါတီကပါဝင်ရန် ဆုံးဖြတ်သည့်အတိုင်း၊ လူရွေးရန် ကိစ္စကို ပေါလစ်ဗြူရိုက

စည်းစားပြီးသည့်နောက်။ ကိုသိန်းဖေကိုရွေးချယ်ခဲ့လေသည်၊

လွှန်ခဲ့သောဗဟိုရ်ကော်မီတီအစည်းအဝေးတွင်လူရွေးရန် ကိစ္စ မပေါ်သဖြင့်၊ ပေါလဲက်ဗြူရိုအား အသား လွှဲသည့် အ တိုင်း ရွေးခြင်းဖြစ်ပေသည်၊

ဗဟိုရ် ဦးစီး အဖွဲ့က လူ ၁၁ ဦးက မဲနှင့် ရွေး ပြီး သ ည့် နောက်၊ ဘုရင်ခံထံပို့ လိုက်၏။

ဘုရင်ခံက ၁၁ ဦးသက်မခံနိုင်။ ၇ ဦးသာလက်ခံ၍ ၇ ဦး တွင် လည်း ကိုသိန်းဖေကို လက်မခံနိုင်၊ ၎င်းပြင် ပြည်ထဲရေး ဌာနကိုသည်းမပေးနိုင်ဟုစကားပြန်လာ၏၊

ပြည်သူ့ လွတ် လပ် ရေး အဖွဲ့ ချုပ် သည်လည်း ဘုရင်ခံ၏ ကမ်းလှမ်းချက်ကို လုံး၀ လက်မခံတော့ဘဲ ငြင်းပယ်ခဲ့လေ သည်။

ထိုနောက် ဦးစီး အဖွဲ့ခေါင်းဆောင်များသည် နိုင်ငံရေး အ ခြေအ နေ ကို ရှင်း လင်း ပြော ဆို ခဲ့လေ သည်။ နို၀င်ဘာလ ၁၈ ရက်နေ့က ရွှေတိဂုံအလယ်ပစ္စယံတွင် ပြည်သူ့ အစီး အဝေးကြီးကျင်းပကာ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ် လပ်ရေးအဖွဲ့ ချုပ်၏သဘောထားတို့ကို ထောက်ခံ၍ ပြည်သူ့ လိုလားချက်များကိုထပ်မံအရေးဆိုခဲ့လေသည်၊

ဘုရင်ခံက ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၏ တောင်းဆို ချက်များတွင်မလိုက်လျောနိုင်သည့်အချက်များမှာ–

က၊ ၊ဘုရင်ခံ၏ အမှုဆောင် အဖွဲ့အတွင်းသို့ တဦးစီ မ ဟုတ်ဘဲအသင်းလိုက်အဖွဲ့ လိုက် ၀င်ရောက်ခြင်း၊

ခ။ ။ထိုဝင်သူတို့ကို အမြင်အဖွဲ့ချုပ်မှ ကြိုးကိုင်ထားခြင်း၊

ဂ။ အဖွဲ့ချုပ်၏စည်းကမ်းချက်များအတိုင်း ကိုယ်စားလှယ်များက တိုင်းပြည်၏လိုလားချက်များကို ဆောင်ရွက်ရမည်ဖြစ်ခြင်း။

ဃ။ ။တိုင်းပြည်ကလည်း အမြဲတမ်း သွေ့ဆောင်နေမည်ဖြစ်ခြင်းတို့ကြောင့်ဖြစ်ပေသည်၊

အဖွဲ့ချုပ်၏ အစီအစဉ်အတိုင်း လုပ်မည်ဆိုကပင်၊ ဗမာပြည်တွင် ပြန်လည်ပျိုးထောင်ရန် စိုင်းပြင်း နေသော လက်ဝါးကြီးအုပ်အရင်းရှင်စံနစ်မှာအခက်အခဲတွေ့ရာရှိပေသည်၊

အဖွဲ့ချုပ်၏ လိုလား ချက်များကို အိန္ဒိယပြည် ကွန်မြူနစ်ပါတီ၊ အင်္ဂလန်ပြည်ကွန်မြူနစ်ပါတီ၊ လေဘာပါတီ ငယ်သားများက ထောက်ခံ နေကြပေသည်။

ပြည်သူလွတ်လပ်ရေးအဖွဲ့ချုပ်၏ လုပ်ငန်းစဉ်အကြမ်းမှာ–

က။ ။ဗမာပြည်လူထုနှင့် ကမ္ဘာ့အခြေအနေမှန်ကို သိစေဘို့ရှင်းလင်းရန်။

ခ။ ။အဖွဲ့ချုပ်၏ လိုလား ချက်ကိုတတိုင်းပြည် လုံးက ထောက်ခံလာစေရန်နှင့်–

ဂ။ ရရှိပြီးသောစည်းလုံးရေးကိုပိုမိုတောင့်တင်းစေရန်တို့ဖြစ်၏။

ယခုအခါ၌၊ ဗမာပြည်လူထုကြီးနှင့် ဗြိတိသျှနယ်ချဲ့ လက်ဝါးကြီးအုပ်အရင်းရှင်စံနစ်သည် လွန်ဆွဲလျက်ရှိ၏၊

၄။ ။ညီညွတ်ရေးတပ်ပေါင်းစု၏၊ ရှေ့အဘို့လုပ်ငန်းစဉ်။

ဤကဲ့သို့အခြေအနေတွင်၊ ရှေ့အဘို့လုပ်ငန်းစဉ် ပြတ်ပြတ်သားသားရှိရန်လို၏၊ လုပ်ငန်းစဉ်ပြတ်ပြတ်သားသားမရှိလျှင်–

က၊ ။ဗမာခံက ညီညွတ်ရေး ပျက်ပြားအောင်လုပ်နေသည်မှာအောင်မြင်ဘွယ်ရှိ၏၊

ခ၊ ။၎င်းအပြင် နိုင်ငံရေးအခြေအနေ စီးပွါးရေး အခြေအနေယုတ်လျော့သဖြင့် တိုင်းသူပြည်သားတို့စိတ်အားပျက်ဘွယ်ရှိနေ၏၊

ဗမာခံ၏အမှုဆောင်အဖွဲ့ဝင်များ၏ ပယောဂဖြင့် ဖွဲ့စည်းထားသောပြည်သူ့အကြီးဆောင်အဖွဲ့ဟူ၍ရှိ၏၊ ၎င်းအဖွဲ့သည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကိုစောင်းပါးရိုက်ခြေ တိုက်ခိုက်လာရာမှ ယခုအခါပြောင်တိုက်ခိုက်၍နေလေပြီ၊

နိုင်ငံရေးမပါရ သာသနာသန့်ရှင်းရေး ဆောင်ရွက်ရမည်ဟူ၍ သံဃာတော်များအားတိုးတက်သော နိုင်ငံရေးခွင်မပါဝင်နိုင်အောင်မဟာသံဃာအဖွဲ့ ကကြိုးပမ်းနေ၏၊

ကရင်များတွင်လည်းသုံးရကွဲနေလေသည်၊

၁၊ ။ကရင်အမျိုးသားအသင်း၊

၂၊ ကရင်ဗဟိုရ်အဖွဲ့ချုပ်၊

၃၊ ကရင်လူငယ်များအစည်းအရုံး၊

ကရင်အမျိုးသားအသင်းချုပ်မှာ လက်ရှိအမှုဆောင်အဖွဲ့ဝင်တို့ကအားပေးနေသောအဖွဲ့ဖြစ်၏၊

ကရင်အမျိုးသားစည်းလုံးရေးကိုတိုက်ခိုက်ခွဲဖြိုနေ၏၊

ကုရင်ဗဟိုရ်အဖွဲ့ချုပ်မှာဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်တွင်ပါနေ၏၊ ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များကိုကြိုက်၏၊ သို့ရာတွင် ဗမာများအပေါ်သံသယစိတ်လုံး၀မကင်းခင်သေးသဖြင့် ကုရင်များကာကွယ်ရေးအတွက်လည်း အစိုးရအဖွဲ့ထဲ၀င်ရန်နိုးနိုးဖြစ်နေ၏၊

— ကုရင်လူငယ်များအစည်းအရုံးသည်၊ ကုရင်ဗဟိုရ်အဖွဲ့ချုပ်နှင့်နှီးစပ်၏ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကိုထောက်ခံ၍ကွန်မြူနစ်ပါတီနှင့်မဟာမိတ်ဖြစ်၏၊ ကုရင်ဗဟိုရ်အဖွဲ့ချုပ်၏လက်ရှိသဘောထားကိုအားမရ၊

— ရခိုင်တို့မှာ စည်းစည်းရုံးရုံးရှိသင့်သလောက်မရှိ၊ ဦးစီးအဖွဲ့ဝင်ခေါင်းဆောင်တို့မှာ လူထုနှင့်ကင်းကွာနေ၏၊ရခိုင်ပြည်မှနိုင်ငံရေးမှာလည်းဖိနှိပ်မှုပြင်းထန်သဖြင့် သေနေသလိုဖြစ်၏၊

ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်အတွင်း နိုင်ငံရေးပါတီများမှာလည်းတဖွဲ့နှင့်တဖွဲ့ပူးပေါင်းခတ်၊တဖွဲ့ကိုတဖွဲ့ကခြေပ၊ တဖွဲ့၏လူထုလုပ်ငန်းကိုတဖွဲ့ကနှောက်ယှက်နှင့်ဖြစ်လာ၏၊

အိန္ဒိယပြည်မှကွန်ဂရက်ခေါင်းဆောင်တို့သည် အလုပ်မရှိသဖြင့် I. N. A. ကာကွယ်ရေးအတွက်ရှေ့နေလိုက်ရင်းရသော စိတ်ဖြေလုပ်ကြသောနည်းမျိုးတပြေးပြေးဖြစ်လာလိမ့်မည်၊

ဤအတိုင်းသာ သွားခဲ့လျှင်၊ စည်းရုံးရေး ပျက်ပြားသည်ထက်ပျက်ပြားပြီးနိုင်ငံရေးစိတ်ဓါတ်ဖရိုဖရဲဖြစ်ဘို့ရှိသေသည်၊

ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၏ လက်ငင်းလုပ်ငန်းစဉ်များမှာ–

က။ ။အာလယ်ပစ္စယံအစည်းအဲဝေးဆုံးဖြတ်ချက်များကို လူထုနှင့်ထောက်ခံရေး။

ခ။ ။မဲစာရင်းများကောက်ရေး။

ဂ။ ။ဒီဇင်ဘာလ ၃၁ ရက်နေ့မတိုင်မီ ငွေ ၂ သိန်း ကောက်ခံရေး။

ဃ။ ။ဇန်နဝါရီလတွင်၊ နိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်ကျင်းပရေး။

၁။ ဘိလပ်သို့ကိုယ်စားလှယ်လွှတ်ရေးတို့ဖြစ်၍၊

ကွန်မြူနစ်ပါတီသည်၊ ညီညွတ်ရေးတင်ပေါင်းရာတွင် တင်ဦးမှ တိုက်ခိုက်ရမည် ဖြစ်သည့်အတိုင်း၊ အထက်ပါ လုပ်ငန်းများကို တကာသ်ဘန်း ဖြစ်မြောက်လာအောင် ဆောင်ရွက်ရပေမည်၊

သို့ရာတွင် နိုင်ငံရေး လုပ်ငန်းမှာ၊ ဘုရင်ခံ ဆဲရုံနှင့် မပြီးတော့၊ တပွဲတိုးနှင့်လည်း မလုံလောက်၊ ကလေးကစားသလို လုပ်လို့လည်းမရ၊ လေးလေး နက်နက် လုပ်ရမည့်အလုပ် ဖြစ်လာပေပြီ၊ ကျကျနနလုပ်လိုလျှင်၊ လုပ်ငန်းစဉ် ပြတ်ပြတ် သားသားရှိရပေမည်၊ ကွန်မြူနစ်ပါတီ အမှိုရာကား၊ လုပ်ငန်းရှင်းနေပေ၏၊

စက်တင်ဘာလ ၂၉ ရက်နေ့ ကွန်မြူနစ်ပါတီ၏
ကျေညာချက်တွင်–

"ကွန်မြူနစ်ပါတီသည် တိုင်းပြည်ကြိုက် ယာယီအစိုးရ မရနိုင်ခဲ့လျှင်–

တာဝန်မယူစေကာမူ–

တိုင်းပြည်သက်သာချောင်ချိရေး ငြိမ်းသာယာရေး ပြန်လည်ထူထောင်ရေးတို့အတွက်ပြည်သူ့စည်းလုံးရေးအင်အားကိုအခြေပြုပြီး ပြည်သူ့နည်းနှင့် လုပ်သွားမည်၊ ပြန်လည်ထူထောင်ရေးကား ဌာဝရလုပ်ငန်းဖြစ်၏" ပရိယာယ် လုပ်ငန်း မဟုတ်၊

ပြန်လည်ထူထောင်ရာ၌ဗြူရိုကရေစီနည်းနှင့်ပြည်သူ့နည်း ကွာခြားပုံကိုရှင်းလင်းစွာပြမည်ဖြစ်ကြောင်း၊

ပြည်သူ့နည်းကသာဝံကိုပြပြီး သူ့ထုကိုစည်းရုံးမည်ဖြစ်၏၊

လူထုကိုစည်းရုံးကာဗမာပြည်၏ ကံကြမ္မာကိုဖန်တီးမည့် တိုင်းပြုပြည်ပြုလွှတ်တော်သို့ ထုင်ချောက်ချီတက်မည်ဖြစ်၏" ဟုပါရှိ၏၊

ကွန်မြူနစ်ပါတီသည်ဤအတိုင်းလည်းလုပ်နေ၏၊ သည်သဘောမျိုးအတိုင်းတတိုင်းပြည်လုံးကလုပ်မှသာလျှင်စည်းလုံးရေး ခိုင်းမြဲမည်စိတ်ဓါတ်ပျက်ပြားမှုကိုတားဆီးနိုင်မည် လွတ်လပ်ရေးပန်းတိုင်သို့နီးမည်၊

သို့ဖြစ်၍ အောက်ပါလုပ်ငန်းစဉ်ကို ဖက်ဆစ်တိုက်ဖျက်

ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်က ဦးစီးဆောင်ရွက်ရန် ကွန်မြူနစ်ပါတီကအကြံပေးအပ်ပေသည်၊

၁၊ ၊ထက်တလော နိုင်ငံရေးရည်ရွယ်ချက်ကား ရွေးကောက်ပွဲချက်ချင်းကျင်းပရန်ဖြစ်၏၊

အထယ်ပတ္တယံအစည်းအဝေး၏၊တ်ိုင်းပြုပြည်ပြုလွှတ်တော် ဆုံးဖြတ်ချက်ကိုတတိုင်းပြည်လုံးကထောက်ခံလာအောင်ကြိုးပမ်းရမည်၊

''ရွေး ကောက် ပွဲအမြန် ကျင်းပလော'' ဟူ သောကြွေးကြော်သံသည် တတိုင်းပြည်လုံး၏ ကြွေးကြော်သံဖြစ်လာစေရမည်။

ရွေးကောက်ပွဲအတွက်အတောင်းချည်းမဖြစ်အလုပ်လည်း ပါရမည်၊ နယ်များဝယ် အသက် ၁၈–နှစ်နှင့်အထက်ကို မဲစါရင်းအနေနှင့်အနှံ့အပြားကောက်ပြီးအသင့်ဖြစ်စေရမည်၊

ရွေးကောက်ပွဲနှင့်ပတ်သက်၍တောင်းရန်လိုသည့် အချက်ကား ထက်ရှိအမှုဆောင် အဖွဲ့ကိုပါယ်ဖျက်၍တိုင်းပြည်က ယုံကြည်ကိုးစားသောကိုယ်စားလှယ်ရအဖွဲ့ကိုဖွဲ့စည်းရန်တောင်း ထိုတို့ဖြစ်၏။ သို့မှသာလျှင် ရွေးကောက်ပွဲတို့သည်၊ တရားမျှတမည်၊ လွတ်လွတ်လပ်လပ်ရှိမည်၊ မြို့ပိုင်ကရေစီနှင့် ပုလိပ်တို့၏ အနှောက်အရှက်တို့မှကင်းမည်၊

၂၊ ၊နိုင်ငံရေး အာဏာရလျှင် မည်ကဲ့သို့ ဆောင်ရွက်မည်ကိုစီမံကိန်းအသင့်ရှိရန်လိုသည်၊ ယခုအခါ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ဝင်များနှင့်

နိုင်ငံရေးသမားမဟုတ်သူများပါဝင်သည့် ဗမာနိုင်ငံစိမံကိန်းအဖွဲ့ကိုဖွဲ့စည်းပြီးလေပြီ၊ ၎င်းအဖွဲ့၏ လုပ်ငန်းများအောင်မြင်ရေးအတွက် ကွန်မြူနစ်ပါတီဝင်များကနယ်ပြည်သူ့လွတ်လပ်ရေးအဖွဲ့များကိုသို့ ဆော်ကာလိုအပ်သော အချက်အလက်များအကြံဉာဏ်များကိုပေးကြရမည်ဖြစ်သည်၊

၃၊ ။သက်သာချောင်ချိရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကသက်သာချောင်ချိရေး အဖွဲ့ဖွဲ့စည်းထား၏ထိုအဖွဲ့မှာ ယခုအခါ ပျက်ပြယ်ပြယ်ဖြစ်၍နေလေသည်၊ ထိုအဖွဲ့အားအလုပ်လုပ်သည့်အဖွဲ့ဖြစ်လာအောင်သို့ ဆော်ပေးရမည်၊

နယ်တိုင်းတွင်လည်း သက်သာချောင်ချိရေး ကယ်ဆယ်ရေးအဖွဲ့များအနှံ့အပြားပေါ်ပေါက်စေရမည်ထိုလုပ်ငန်းများမှာ Reformist သဘောသဘာမျိုးမဖြစ်စေရဘဲ လူထုစည်းရုံးရေးအတွက်ဖြစ်စေရသည်၊ Reformist ဆိုရာ၌ ပိုက်ဆံပစ္စည်း ရ၍သွားဝေပြီးပြန်လာသည့်စံနစ်ကိုဆိုလို၏၊

လူထုကိုယ်၌ ကိုယ်က ကိုယ့်ကိုယ်ကို အားကိုးလာသော သက်သာချောင်ချိရေးဖြစ်စေရမည်၊

အစိုးရ၏ သက်သာချောင်ချိရေးလုပ်ငန်းများကို မှန်ကန်သောသဘောထား ထား ရှိရမည်၊ ထိုလုပ်ငန်းများကို ကပျက်ယပျက်လုပ်စရာမလို၊ ထိုလုပ်ငန်းများတကယ်ဖြစ်မြောက်ရေးအတွက်ဘိ၍လုပ်ရမည်၊

၄။ ။နိုင်ငံ ရေး အ ကျဉ်း သား များ လွတ် ရေး၊ ပြည်သူ လွတ်လပ်မှုများရရှိရေး။ ။၎င်းတို့မှာ အစိုးရ အတွင်းဝန် ရုံးသို့ သွားပြောရုံနှင့်မပြီး၊ လူထု ကိုယ့် သေဘ်စည်းရုံးခြင်းဖြင့် တိုက်ခိုက် ယူရ မည်၊

၅၊ ။ယခုအခါ အစိုးရအဖွဲ့သားအချို့သည် လာဘ်ပေး လာဘ်ယူ ပြုခြင်း အကြီး အကြယ် ဖြစ်နေ၏၊ ထိုကိစ္စကို လူထုအင်အားနှင့် အပြင်း အထန် တိုက်ခိုက်ရမည်၊

၆၊ ။အမြတ်ကြီးစားများ၊ မှောင်ခိုဈေးသမားများ၊ ပြင်း ပြင်း ထန်ထန်တိုက်ရမည်။ ထိုကဲ့သို့ ကိစ္စမျိုး ကိုရွာတိုင်းမြို့တိုင်း၌ အဖွဲ့အစည်းများဖွဲ့စည်း ၍လူထုနည်းနှင့်တိုက်ခိုက်ရမည်၊

၇။ ။အစိုးရ၏ ပစ္စည်း ဝေငှရေး ကိစ္စများကို စံနစ်တကျ ဖြစ်အောင် အပြင်းအထန်ကြိုးပမ်းကြရမည်။

၈။ ။ယခုအခါ အိုး အိမ်များ ပျက်စီး ပြာကျ နေသည်၊ လူအများ အနေအထိုင် ကျပ်တဲကြသည်၊ အ ချို့နေရာများတွင် အိမ်များအသစ်ဆောက်ခွင့် ပြင်ခွင့်မရကြ။ အချို့နေရာများ၌ နောင်အခါ တွင် စီမံကိန်းနှင့်ဆောက်နိုင်အောင်ဆို၍အမြဲ တမ်းမဆောက်ကြရ၊

ထိမှတပါး သစ်ဝါးခုတ်ခွင့်မရကြ၊
ငင်းကိစ္စများအတွက် ပြန်လည်ထူထောင်ရေးအဖွဲ့များ ဖွဲ့စည်းကာ စီမံကိန်းများပြု၍ လူအများ အိုးအိမ် နေသားတကျဖြစ်အောင်လုံးပမ်းကြရမည်၊

၉။ ပစ္စည်းပေါများရေးအတွက်ပို့ဆောင်ရေးအင်အား တိုးတက်စေရန် လိုအပ်ပေသည်၊ လှေ-လှည်း စသည်တို့ အများ အပြား ပိုမိုတိုးတက်ရေး အတွက်ဆောင်ရွက်ကြရမည်၊

၁၀။ ပြည်တွင်းကုန်ကူးသန်းရေးအတွက်စံနစ်တကျခိုင်မြဲတိုးတက်လာအောင်ကြိုးစားရမည်၊ အစိုးရက Inflation ကိုကာကွယ်လို၍ စပါးဈေးနှုန်းကို အတင်းချပြီး ဈေးနှုန်းကန့်သတ်ခြင်းကိုလည်းကန့်ကွက်ကြရမည် ဤကဲ့သို့ လုပ်ရာ၌ ဗမာအရင်းအနှီးတိုးတက်စေရန် ရည်ရွယ်၍ လွတ်လပ်စွာကုန်ရောင်းဝယ်မှုကိုအားပေးကြရမည်၊ လွတ်လပ်စွာ ကုန်ကူးသော သူတို့က အမြတ်အစွမ်းအကြီးအကျယ်မထုတ်နိုင်လျှင်၊ ရပေါင်း ရောင်း ဝယ်ရေး ကုန်စုံဆိုင်များကို လည်းအနှံ့အပြားပေါ်ပေါက်စေရမည်၊

၁၁။ သက်ဝါးကြီး ချုပ်မှုတို့ကိုလည်း တိုက်ဖျက်ရန်လိုပေသည်၊ သူတို့ကိုသက်ဝါးကြီးချုပ်ခွင့်မပေးရ၊ သူတို့ကို လုပ်ငန်းတိုင်း ဗမာ အရင်း အနှီး

**အနဲဆုံး ၆၀ %** ပါစေရမည် ဟူသော ကြွေး ကြေညာချက်သံတို့နှင့်တိုက်ရမည်၊

၁၂၊ ၊အိမ်တွင်း **လက်မှု ပညာ** တိုးတက် ရေး ကိုလည်း စက်မှု လုပ်ငန်း သမဝါယမ အားဖြင့် ဆောင် ရွက် ရမည်၊ ယက္ကန်း၊ သံ လုပ်ငန်း၊ ဓါတ် မီးချစ်လုပ်ငန်းစသည့်တို့ တိုးတက်လာအောင် လုပ်ရမည်၊

၁၃၊ ၊ပျက်စီး ယိုရွင်း နေသော စက်မှု လုပ်ငန်း များ ပြန် လည်ထူထောင်ရန်ကြိုးစားရမည်၊ ၎င်းတို့ကို အလုပ်သမား သမဂ္ဂများ ဖွဲ့စည်း၍ ကြိုးစား ကြရမည်၊ အလုပ်သမားတို့၏ အခ တိုးတက် ရရှိရေး နေမှုထိုင်မှု တိုးတက် ကောင်းမွန်ရေး တို့ကိုရရှိအောင်ဆောင်ရွက်ကြရမည်၊

၁၄၊ ၊စပါးပိုမိုစိုက်ရေး၊မြေပဲနှမ်းဝါပိုမို စိုက်ရေး၊ ကျွဲ နွား ထွန်တုံးထွန်တံမျိုးစေ့ အမတော်ကြေးရရှိရေး တိရိစ္ဆာန် မွေးမြူရေး စသည် တို့ ကို လည်း ဆောင်ရွက်ရမည်၊

၁၅၊ အစားအစာပေါ်များရေးအတွက် အစားအစာချောင် ချိရေး အဖွဲ့များကို ဖွဲ့စည်း၍ ဆောင်ရွက်ကြ ရမည်၊

၁၆၊ ၊ပညာ တိုး တက် ရေး အ တွ က်၊ အပြီး အထန် ဆောင်ရွက်ရမည်၊ ယခုအခါအရပ်ကျောင်း

များ တည်ထောင် ထားပေးသည်၊ ပညာသင် မပျက် ရန်သာ ဖြစ် တော့ သည်၊ ၎င်း တို့ကို အစိုးရက အထောက်အပံ့ပေးလာစေရန် ကြိုးစားရမည်၊ ခေတ်မှီသောပညာရေးရရှိအောင် စီမံကိန်းပြင်ဆင်ထားရမည်၊ ရပ်ရွာများတွင် စာဘတ် ခမ်းများ ဖွင့် လှစ် ခြင်း၊ ည ကျောင်း အခမဲ့ ကျောင်းများ ဖွင့်လှစ်ခြင်း၊ ကျန်းမာရေး အသင်းရုံများ ဖွင့်ခြင်း စသည်တို့ကို ဆောင် ရွက်ရမည်၊ ပြဇာတ် ဝတ္ထု သီချင်း စသည် တို့ သည် လည်း လူ ထု အား ဖွံ့ ဖြိုး ရေး အတွက်အသုံးပြုကြရမည်။

၁၇။ ။နေရေး ထိုင်ရေး သန့်ရှင်းမှု ကူးစက် တတ် သော ရောဂါများကာကွယ်ရေးစသည်တို့ကိုလည်း ထိထိရောက်ရောက်ဆောင်ရွက်ကြရမည်၊

၁၈။ ။အမျိုးသမီးများပျက်စီးခြင်း၊ ပြည့်တံဆာမ ပေါများ ခြင်း၊ မိဘမဲ့ကလေးများ ရှိနေခြင်းစသည်တို့ ကာကွယ်ရေး၊ ပပျောက်ရေး တို့ကို ဆောင် ရွက်ကြရမည်၊

၁၉။ ။ဖက်ဆစ်ကို တိုက်ခိုက် သဖြင့် သေဆုံးသူ၊ ကျိုးပဲ့ သူ၊ ပစ္စည်း ဆုံးသူတို့အား အစိုးရက အကူ အညီပေးစေရန်သို့ ဆော်ရမည်၊ အစိုးရတို့က စစ်ကြောင့် ပျက်စီးသော အခင်းရှင် တို့အား

လျှော့ချပေးရန်စီမံနေသည်တို့ကိုပြင်းပြင်း ထန်ထန်ကန့်ကွက်ကြရမည်။

၂၀။ ။ယခုအခါတပ်မတော်မှ ထွက်လာသော သူတို့ သည် အလုပ်လက်မဲ့ဖြစ်နေကြရာ၊သူတို့အား ထောက်ပံ့ကယ်ဆယ်ရေး အလုပ်ရှာပေးရေး စသည်တို့ကိုထိထိရောက်ရောက်ဆောင်ရွက် ကြရမည်၊ ပြည်သူ့ရဲဘော်တပ်ကို ငံနစ်တကျ ဖွဲ့စည်းရန်ကြိုးပမ်းကြရမည်။

၂၁။ ။ယခုအခါတိုင်းပြည်တွင်း ဓမြများ သောင်းကျန်း လျက်ရှိသည်။ သူတို့သည်တိုင်းပြည်၏ ငြိမ်း ချမ်းသာယာရေးကို အများဆုံး နှောက်ရှက် နေသူများဖြစ်သည်၊ သူတို့ကို ပြင်းပြင်းထန် ထန်နှိပ်ကွပ်ရန်မှာ၊ အစိုးရ၏ တာဝန်သာ မ ဟုတ်၊တိုင်းသူပြည်သားတိုင်း၏ တာဝန်ဖြစ်၍၊ ဓမြများနှိပ်ကွပ်ရေး အဖွဲ့များကို၊ ပြည်သူတို့ က အလျှင်အမြန်ဖွဲ့စည်းကြရမည်၊ ၎င်းအဖွဲ့ များက၊ဓမြ–သူခိုးများရှာဖွေခြင်း၊ ပုလိပ်အဖွဲ့ နှင့်ပူးပေါင်း၍၊ နှိပ်ကွပ်ခြင်းတို့ ပြုရမည်၊ ၎င်းအဖွဲ့များကိုအစိုးရတို့ကလည်း၊လက်နက် အပြည့်အစုံ ထုတ်ပေးရမည်၊ တိုင်းပြည် အ တွင်းသူမျိုးရေးညှိညွတ်မှု၊ ကိုယ်ပိုင် ပြဋ္ဌာန်း ခွင့် သဘော တရားအတိုင်း၊ ထိထိရောက်

ရောက်ဆောင်ရွက်ကြရမည်၊

၂၂။ ။ဗမာပြည်၏အနာဂါတ်လွတ်လပ်ရေးမှာ၊ ဗြိတိသျှ၊ အရင်းစံနစ်၏အန္တရာယ်သာမဟုတ်၊ကုလား အရင်းရှင်စံနစ်၊ တရုပ်စစ်ဝါဒတို့မှာလည်းအန္တရာယ်ရှိနေသဖြင့်၊ ကုလားလူထုနှင့်စည်းရုံးရေး၊ တရုပ်လူထုနှင့် စည်းရုံးရေးတို့ကိုအပြင်းအထန်ဆောင်ရွက် ကြရမည်၊

၂၃။ ။တိုင်းပြည်၏ လွတ် လပ် ရေးမှာတိုင်းပြုပြည်ပြုတွတ်တော်နှင့်မပြီး၊

က၊ ။လယ်မြေကိုတိုင်းပြည်ကပိုင်စေရမည်၊

ခ၊ ။ငွေတိုးကြီးစားစံနစ်တိုက်ဖျက်ရမည်၊

ဂ၊ ။အကြီးစက်မှုလုပ်ငန်းကြီးများကို တိုင်းပြည်ပိုင်ဖြစ်စေရမည်၊

ဃ၊ ။တိုင်းပြည်၏သဘာဝပစ္စည်းများကို၊ အစိုးရကအုပ်ချုပ်၍ စီမံကိန်းနှင့်တိုးတက်စေရမည်ဟူသော ကြွေးကြော်သံများကို တတိုင်းပြည်လုံးကထောက်ခံစေရမည်၊

၂၄၊ ။ဗမာပြည် လွတ်လပ်ရေးသည်၊ကမ္ဘာ့လူထုနှင့်စံနစ်တကျ ရင်းနှီးရေးအတွက်၊ အင်ဒိုနီရှား အင်ဒိုချိုင်းနား ကိုရီးယားများကို ထောက်ခံခြင်း၊ စသည်တို့ကို၊ ထိထိရောက်ရောက် ဆောင်ရွက်ကြရမည်၊

အထက်ပါကိစ္စများကိုဆောင်ရွက်ရာ၌၊ သက်ဆိုင်ရာ အဖွဲ့များအားဖြင့်ဆောင်ရွက်သွားရမည်၊

က၊ ၊နိုင်ငံရေးကိစ္စများ ဆောင်ရွက်ရာ၌၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်အားဖြင့် ဆောင်ရွက်ရမည်၊

ခ၊ နိုင်ငံပြန်လည်ထူထောင်ရေး၊ နိုင်ငံစီမံကိန်းများကိုဆောင်ရွက်ရာတွင်၊ ပညာသည်များ အစိုးရအရာရှိများပင် ပါနိုင်အောင်၊ နိုင်ငံရေးနှင့်မဆိုင်သော အဖွဲ့အစည်းအားဖြင့်ဆောင်ရွက်ရမည်၊

ဂ၊ ၊စီးပွားရေး ကိစ္စများ ဆောင်ရွက်ရာ၌၊ ကုန်သည် အသင်း-သမဝါယမ အသင်းတို့အားဖြင့်၊ဆောင်ရွက်ကြရမည်၊

ဃ၊ ၊အစားအစာကိစ္စ-ကျန်းမာရေး ကိစ္စ စသောလူထုကိစ္စများကို လူထု ကော်မတီများအားဖြင့်ဆောင်ရွက်ကြရမည်၊

င၊ ၊စက်မှု လုပ်ငန်း ကိစ္စ များ တွင် အလုပ်သမား သမဂ္ဂများအားဖြင့် ဆောင်ရွက်ကြရမည်၊

စ၊ ၊လယ်မြေကိစ္စများကို တောင်သူ လယ်သမားသမဂ္ဂအားဖြင့်ဆောင်ရွက်ကြရမည်၊

ဤလုပ်ငန်းများကိုနိုင်ငံနှင့်အဝှမ်းချဲ၍ဆောင်ရွက်မှသာ စည်းလုံးရေးခိုင်မြဲမည်၊သို့မှသာ နိုင်ငံရေးစိတ်ဓါတ်ပျက်ပြားခြင်းကို ကာကွယ်နိုင်လိမ့်မည်၊ တိုင်းပြည်၏ရှေ့တိုးချီတက်ရေး တွင်လည်း၊ အားသစ် စိတ်သစ် ပေါ်ပေါက် လာပေလိမ့်မည်၊

၅၊ ။ညီညွတ်ရေးပြဿနာ၊

ဖက်စစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်သည်လွတ်လပ်ရေးလိုလားသူ၊ လူထုကောင်းစားရေးလိုလားသူတို့ ဝုစည်းရာဖြစ်ပေ၏၊ သို့ရာတွင် စည်းလုံးညီညွတ်ရေးအတွက်ချို့ယွင်းချက်နှစ်ရပ်ရှိခဲ့ပေသည်၊

က၊ ။ပဌမချို့ယွင်းချက်မှာ။ နိုင်ငံရေး သေပြီးဖြစ်သော နိုင်ငံရေးသမားဟောင်းများ ဗြိတိသျှအစိုးရကအထင်ကြီးမည့်သူများကို အားထား၍စည်းလုံးရေးကိုဆောင်ရွက်ခြင်းဖြစ်၏၊ ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်သည် ကွန်မြူနစ်များကြီးစိုးသည်ဟုသူတို့ကစွပ်စွဲကြ၏၊သူတို့သည်ဗြိတိသျှနယ်ချဲ့သမားတို့၏လေသံကို ပဲ့တင်ထပ် ခြင်းဖြစ်၏၊ အဖွဲ့ချုပ်အတွင်းရှိ၊ကွန်မြူနစ်ပါတီကိုမလိုလားသူတို့ကလည်းသူတို့၏ သံယောင်ကို ရော၍ဟစ်ကြ၏၊ ဤသို့အားဖြင့် သူတို့သည် အဖွဲ့ချုပ်

အတွင်းသို့ဝင်ရောက်လာခဲ့၏၊သူတို့သည် အဖွဲ့ချုပ်အတွင်း၌ခေါင်းဆောင်မှုရရန်၊ကွန်မြူနစ်တို့၏ရှေ့ဆောင်မှုကိုဖယ်ချရန်အတွင်းမှကြိုးစားကြ၏၊ခေါင်းဆောင်မှုအတွက် တိုက်ခိုက်မှုမဖြစ်ပွားမီ၊ထိုသူတို့သည် ဗြိတိသျှနယ်ချဲ့သမားတို့၏နောက်သို့ ပါသွားကြ၏၊ သူတို့ပါသွားသဖြင့်အဖွဲ့ချုပ်ကာမရှု: တနည်းအားဖြင့် စည်းလုံးရေးပိုကောင်းလာ၏၊ သို့ရာတွင် အစ၌သူတို့ကိုအားကိုးခြင်းကားချို့ယွင်းချက်တရပ်ပင်ဖြစ်သေသည်၊

ခ၊ ၊အဖွဲ့ချုပ်သည်၊အလုပ်သမားနှင့် လယ်သမားဟူသောလူထု၏ အင်အားကို အားမပြုခြင်းဖြစ်၏ အလုပ်သမားသမဂ္ဂသည်၊ အသိအမှတ်ပြုရန် အဖွဲ့ချုပ်သို့တောင်းဆိုခဲ့၏၊ သို့ရာတွင် ယနေ့အထိအသိအမှတ်မပြုသေး၊သို့ဝဉ်လျှက် အလုပ်သမားသဂ္ဂများသည်၊ အဖွဲ့ချုပ်ကို အကျင်းမဲ့ထောက်ခံနေကြ၏၊

အဖွဲ့ချုပ်၏ စည်းလုံးမှုဘည်မြဲစေရန်၊ ဤချို့ယွင်းချက်နှစ်ခုပ်ကိုအလျှင်အမြန်ပြုပြင်ရန်လိုပေသည်၊

အဖွဲ့ချုပ်သည်၊လူမျိုးရေးပြဿနာကို တိုးတက်သောသဘောတရားအမှန်ကိုလက်ခံထားရှိ၏၊

ပါရှိ၏၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်တွင် အောက်ပါအတိုင်း

ဂ။ ‘ဗမာပြည်ကိုဗမာပြည်ရှိတိုင်းရင်းသားလူမျိုးအသီးသီးတို့အားလုံးသဘောတူလွတ်လပ်စွာ ပွဲ့စည်းသော တိုင်းပြည်ကြီးထူထောင်ရန်၊ ဤသို့ထူထောင်ရာ၌ ပါဝင်သော လူမျိုး အသီးသီး အားမိမိတို့ကံကြမ္မာကိုမိမိတို့ဘာသာ ဖန်တီးနိုင်သောအခွင့်အရေးပေးထားရန်’

အထက်ပါအချက်ကို၊ အဖွဲ့ချုပ်ဝင်အချို့က နှစ်နှစ်ကာကာမယူဆကြ၊ အဖွဲ့ချုပ်ဝင် အချို့က မကြိုက်ကြ၊ ဆိုရှယ်လစ်ပါတီကလည်း မူကိုပင် ကန့်ကွက်ခဲ့ဘူး၏၊ နယ်ရှိ ဆိုရှယ်လစ် အဖွဲ့ဝင်အချို့တို့သည်လည်း ဤသဘောတရားကို လက်မခံနိုင်ဆိုနေကြ၏၊

ဤသဘောတရားကိုတိုင်းပြည် လူထုကြီးက၊ သိုက်သိုက်ဝဲဝဲထောက်ခံလာအောင် ကွန်မြူနစ်ပါတီကမနားမနေ ကြိုးစားရန်လို၏။ သို့မှသာ လူမျိုးရေးစည်းလုံးမှု တကယ်ရှိမည်၊

က၊ ‘ကုရင်ပြဿနာ၊ ‘ကုရင်အမျိုးသားတို့အား

တစည်းတရုံးတည်း ဖြစ်အောင်၊ ကုရင်အမျိုးသားတို့အားလွတ်လပ်ရေး လှုပ်ငန်းအတွင်းသို့ပါဝင်လာစေရန်၊ ကုရင်အမျိုးသားအဖွဲ့တို

လူထုအစည်းအရုံးကြီးဖြစ်လာအောင်၊ ကွန်မြူနစ်ပါတီက ဝိုင်းဝန်းကြိုးစားပေးရန် လိုပေသည်၊ ကရင်ဗမာသွေးစည်းရေးအတွက်၊ ပူးတွဲအဖွဲ့များကိုအနှံ့အပြားဖွဲ့စည်းပေးရန် လိုပေသည်၊

ခ၊ ၊ရခိုင်ပြဿနာ၊ ၊ရခိုင်တို့သည်၊ ဒေသစိတ်လွှမ်းအားကြီးသည်၊ ရခိုင်အမျိုးသား အစည်းအရုံးသည်၊ အမည်မျှသာကျန်တော့၏၊ ရခိုင်ပြည်တွင်ရှိနေသော ထက်ရှိ ပြည်သူ့အဖွဲ့များကို၊ လူထုအစည်း အရုံးဖြစ်အောင် ကွန်မြူနစ်ပါတီသည်ကူညီရန်လိုပေသည်၊

ဂ၊ ၊ရှမ်းနှင့် ချွင်းချန်ထားသော နယ်များပြဿနာ၊

သူတို့အထဲမှခေတ်မှီလူငယ်များသည်၊ ဗမာနှင့်ပူးပေါင်းလိုကြ၏၊ နယ်ချဲ့ သမားများကမပူးပေါင်းစေလို၊ စော်ဘွား အခေါ်ခံတို့ကလည်း သူတို့၏အကျိုးအတွက်မပူးပေါင်းလိုကြ၊ ပြည်သူလွတ်လပ်မှုများရရှိရန်၊ တာဝန်ခံအုပ်ချုပ်ရေးပေါ်ပေါက်စေရန်၊ ပညာရေးတိုးတက်စေရန်၊ စီးပွားရေးတိုးတက်စေရန်–ဟူသော လုပ်ငန်းစဉ်ဖြင့်၊ ထိုနယ်များအတွင်းသို့ချဉ်းနင်းဝင်

ရောက်အောင်ရွက်ရန်လိုပေသည်၊ ထို့ပြင်သော
ဗမာနှင့်ပူးပေါင်းရေးအောင်မြင်မည်၊

စ၁၊ ၊ကုလားပြဿနာ၊ ၊ကုလားလူဦးရေမှာ တ
သန်းခန့်ရှိ၍၊ ကုလားအရင်းရှင်တို့ကိုတိုက်ရ
မည်၊ ကုလားလူထုကြီးကို ဗမာပြည်လွတ်
လပ်ရေးလုပ်ငန်းအတွက် ထောက်ခံသောအောင်စိုင်း
ပြင်းရမည်၊ ကုလားအလုပ်သမားများ လယ်
သမားများကိုသမဂ္ဂများအတွင်းသို့သိမ်းသွင်း
ရမည်၊

လူမျိုးရေးသဘောထားမှကင်းပြီး၍၊ အဖွဲ့ချုပ်
အတွင်းရှိ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးခေါင်း
ဆောင်များနှင့် ဆက်သွယ်ရေးကို လေးလေး
နက်နက်စဉ်းစားရမည်၊

(က)၊ ၊ဗိုလ်အောင်ဆန်း၊ ၊ဗိုလ်အောင်ဆန်းမှာ
ဗမာတပြည်လုံး၏ခေါင်းဆောင်ဖြစ်နေ၍၊ သူ့
အားသတ်သတ်စဉ်းစားရန်လိုပေသည်၊

ပုဂ္ဂိုလ်အားဖြင့်ချို့ယွင်းချက်များရှိစေကာ
မူ၊ သူသည်ယခုအခါ၌လွတ်လပ်ရေးစိတ်ဓါတ်
အားလုံးစုရုံးရာ၏အထိမ်းအမှတ်ဖြစ်နေ၏၊
ဤတိုင်းပြည်၏လွတ်လပ်ရေးကြိုးပမ်း
ရာတွင်၊ ကွန်မြူနစ်တို့ချည်းမဟုတ်၊ လက်ဝဲမျိုး

ချစ်များလည်းပါ၏၊ ပညာတတ်များလည်းပါ၏၊ဗမာအထက်တန်းစားလည်းပါ၏၊ ခေတ်မှီသော လယ်ပိုင်ရှင်များလည်း ပါ၏၊တနည်းအားဖြင့်၊လွတ်လပ်ရေး ကြိုးပမ်းရာတွင်၊အားပေါင်းစုံဖြစ်၏၊အယူအဆ ညွန့်ပေါင်းဖြစ်၏၊ ထိုအားပေါင်းစုံ-အယူအဆပေါင်းစုံ၏ကိုယ်စားလှယ်ကား၊ဗိုလ်အောင်ဆန်းဖြစ်၏၊

ကွန်မြူနစ်တို့သည်၊ အလိုအလျောက်ဖြစ်ပေါ်နေသောတိုင်းပြည်၏စိတ် (National Sentiments )တို့ကို ရှိသေရမည်။ အရမ်းကာရော ထိခိုက်ခြင်း မပြုရ။ အလိုအလျောက် ဖြစ်ပေါ်သော တိုင်းပြည်၏ စိတ်ကို၊ သံမဏိ ကဲ့သို့ ခိုင်မာသော နိုင်ငံရေးစိတ်ဓါတ်၊ ( Political Consciousness ) ဖြစ်လာအောင် လုပ်ပေးရန်တာဝန်ကား၊ ကွန်မြူနစ်တို့၏ တာဝန်ဖြစ်၏၊

၁၉၁၄–၁၈ ခု နှစ်စစ်ပြီးစက၊ ဂျာမနီသည်၊ ဗားဆိုင်းထိစ်စာချုပ်ကြောင့် မခံမရပ်နိုင်ဖြစ်နေကြ၏၊တို့လူမျိုးကို နှိမ်ထားသည်ဟု စိတ်ဓါတ်များ ပြင်းထန်နေ၏၊ ထိုကဲ့သို့သော တိုင်းပြည်၏မခံချင်ဖြစ်နေသော စိတ်ဓါတ်ကို၊ နားမလည်သဖြင့်၊ ဂျာမန် ကွန်မြူနစ်တို့သည်

လုပ်ငန်းအမှားများ ဆောင်ရွက်ခဲ့ဘူးသည် ဟူ၍ သတ္တမအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ကွန်ဂရက်ကြီး၌ အထွေထွေ အတွင်းရေးမှူး ဂျော့ဒီမီကရော့(ဗ်)ကပြောဘူး၏။

သို့အတွက် အလိုအလျောက် ဖြစ်ပေါ်နေသော၊တိုင်းပြည်၏ စိတ်ကို၊ ဗမာပြည် ကွန်မြူနစ်တို့သည် နားလည်ရန် လို၏၊ ထိုစိတ်တို့၏ ကိုယ်စားလည့်ဖြစ်သော ဗိုလ်အောင်ဆန်းနှင့် ပတ်သက်၍၊ ကွန်မြူနစ်တို့ကသဘောထားမှန်ရမည်၊

အလိုအလျောက်ဖြစ်ပေါ်နေသော စိတ်တို့ကို၊သံမဏိနိုင်ငံရေးစိတ်ဓါတ်အဖြစ် ဖန်တီးရန်၊ကွန်မြူနစ်တို့၏တာဝန်ဖြစ်သကဲ့သို့၊ ဗိုလ်အောင်ဆန်းက တိုင်းပြည်အား လမ်းမှန်သို့ပို့ပေးနိုင်အောင်၊မယိမ်းမယိုင် မတွေ မဝေဘဲ၊ ရှေ့ဆောင်နိုင်ရန်၊ ဝိုင်းဝန်း၍ ကူညီပေးရန်မှာ၊ ကွန်မြူနစ်တို့၏အဓိကတာဝန်ဖြစ်၏၊

(ခ) ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ် အတွင်း၌၊ ဗ[illegible]တန်းစားများ၏ ကိုယ်စားလည် မျ[illegible] ၊သူတို့သည်လည်း ငါတို့ရ ဝ[illegible]းရေး တိုးတက်မှုကို ကြိုးပမ်း

ရာတွင်၊ ဗြိတိသျှလက်ဝါးကြီး အုပ်မှုနှင့် ရင်ဆိုင်နေရသဖြင့်၊ နယ်ချဲ့သမားဆန့်ကျင်ရေးကို လုပ်နေရ၏၊ သူတို့၏ရိုးသားသော မျိုးချစ်စိတ်ဓါတ်သည်၊ တိုင်းပြည်၏ လွတ်လပ်ရေး အင်အားဖြစ်၏။

သူတို့၏ကိုယ်စားလှယ်များကား၊ ဦးဘဖေ ဟာသိ်ာတ ဦးမြကဲ့သို့သော ပုဂ္ဂိုလ် ကြီးများ ဖြစ်၏၊

နယ်ချဲ့သမားတို့အား တိုက်ခိုက်ရာတွင်၊ သူတို့နှင့် အလုပ်တူလုပ်ပြီး၊ တိုက်ရန်ကား၊ ကွန်မြူနစ်တို့၏တာဝန်ဖြစ်၏၊

နယ်ချဲ့သမားကို တိုက်နေသူ အချင်းချင်း ပဋိပက္ခ ရှိမည်ကားမငြင်းနိုင်ပေ၊ ။စက်သူဌေးနှင့်အလုပ်သမား၊ ကုန်သည်ကြီးနှင့်သမဝါယမ၊ လယ်ပိုင်ရှင်နှင့် လယ်သမားစသည်ဖြင့် နယ်ချဲ့သမား တိုက်ဖျက်ရေးသမားတို့၏ တပ်စခန်းအတွင်း၌၊ ပဋိပက္ခများရှိပေမည်၊

ထိုကဲ့သို့ ကိစ္စမျိုးတွင်ကား၊ ကွန်မြူနစ်တို့သည်၊ သူတို့ကိုယ်စားပြုသော လူတန်းစား၏အကျိုးကို၊ မသွေမဖီဘဲ ဆောင်ရွက်ကြရလိမ့်မည်၊

နယ်ချဲ့သမားနှင့် အပြင်ပဋိပက္ခ၊နယ်ချဲ့သမားကိုတိုက်ကြသူအချင်းချင်းအတွင်းပဋိပက္ခ ဟူသော။ ပဋိပက္ခတို့တွင်။ တိုင်းပြည်လွတ်လပ်ရေးမိမိတို့ကိုယ်စားပြုသော လူတန်းစား၏လွတ်လပ်ရေးကို၊ ရှေးရှု၍၊အခြေအနေနှင့်ဆီလျော်သောနည်းပရိယာယ်များကို၊ကွန်မြူနစ်တို့က အသုံးပြုတတ်ရမည်၊

(၈) စစ်၏ဒါဏ်ကိုခံစားကြရသဖြင့်။ ရှေးကနိုင်ငံရေးကိုမလိုက်စားသော်လည်း၊ ယခုအခါပါဝင်လာသူများအမြောက်အများဖြစ်၏၊ သူတို့သည်တိုင်းပြည်၏ဒုက္ခကိုမကြည့်နိုင်၊ နိုင်ငံအကျိုးကိုကိုယ်ထိလက်ရောက် မဆောင်ရွက်ဘဲမနေနိုင်သဖြင့်ပါလာကြ၏၊ မြန်မာ့အလင်းဦးတင်ကဲ့သို့သောပုဂ္ဂိုလ်များဖြစ်၏၊ ထိုကဲ့သို့မျိုးချစ်ပုဂ္ဂိုလ်များ နယ်များတွင်လည်းရှိမည်၊

ကွန်မြူနစ်တို့သည်၊ သူတို့၏ရိုးသားသောမျိုးချစ်စိတ်ဓါတ်ကို ရိုသေတတ်ရမည်၊ နိုင်ငံရေးသည်လူရှုပ်လူပွေတို့၏ခြေတိုးရာမှာန ဖြစ်ခဲ့၏၊ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်အတွင်းနိုင်ငံရေးသည် ရှေးကကဲ့သို့ခြေရှုပ်သော နိုင်ငံရေးဟုသူတို့ယူဆသွားလျှင်၊ သူတို့ နိုင်ငံရေးစိတ်ပျက်သွားမည်၊

ကွန်မြူနစ်တို့သည်၊ သန့်ရှင်းသောနိုင်ငံရေး ဖြစ်အောင် ကြိုးစားရမည် .... နိုင်ငံရေးသည် စိတ်ကောင်းရှိ၊ အမျိုးချစ်စိတ်တို့၏အလုပ်ဟု ဤကဲ့သို့ ပုဂ္ဂိုလ်များယုံကြည် စွဲမြဲလာအောင် ကြိုးစားရမည် .....

(ဃ) ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်၌ ကွန်မြူနစ် ဝါဒယောင်ယောင်နှင့် **အနာစစ် ဝါဒ သမား** များ၊ ဘရော့စကီဝါဒအရိပ်အယောင်ရှိသူများ ကိုလည်းတွေ့ရမည်၊ သူတို့သည် "အရင်းရှင် စံနစ်၏ဆိုးဝါးပုံကိုရခံမရပ်နိုင်သဖြင့်၊ ချောက်ချားသွားသော" ပညာတတ် လူတန်းစားများ ဖြစ်၏၊ သူတို့သည် အပြောအားဖြင့်၊ ကွန်မြူနစ် တို့နှင့်တူမည်၊ အလုပ်အားဖြင့်ကား တူမည် မဟုတ်၊ နိုင်ငံတကာ အရေးအရာ တို့၌၊ အဓိပ္ပါယ် ကောက်ရာ၌ကား ကွန်မြူနစ်တို့နှင့် မတူ၊ သူတို့သည် ပါတီသဘောနှင့် မလုပ် တတ်၊ တဦးချင်းသမားအနေနှင့်သာ နိုင်ငံရေး လုပ်တတ်၏၊

သို့ရာတွင် လက်ရှိ အခြေအနေများအရ၊ နယ်ချဲ့စံနစ်ကို ဆန့်ကျင်ရေးသမားများဖြစ်၏၊ သူတို့၏နယ်ချဲ့စံနစ်ဆန့်ကျင်ရေး စိတ်ဓါတ်ကို

လွတ်လပ်ရေးအင်အားရတိုးပွားရာ ဖြစ်အောင် ကွန်မြူနစ်တို့က ကြိုးစားရမည်၊

သူတို့၏ အမြင်မှားအလုပ်မှားတို့ကို။ မိတ်ဆွေသဘောနှင့်ဝေဘန်ကြရမည်၊

ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ဦးစီးအဖွဲ့တွင်ရင်း၊အဖွဲ့ခွဲများတွင်ရင်း၊ ၎င်းကဲ့သို့ပုဂ္ဂိုလ်အမြောက်အများ တွေ့ရလိမ့်မည်၊ ၎င်းပုဂ္ဂိုလ်မျိုးနှင့်ပတ်သက်၍၊ကွန်မြူနစ်တို့သည်သဘောထားမှန်ထားတတ်ရန်လိုပေသည်၊

(င) ဝါးမပါတီ၊ ၊ဝါးမပါတီမှာယခုအခါ၊သေသလို ဖြစ်နေပြီ၊ ၊ခေါင်းဆောင်နှင့် နောက်လိုက်တို့မှာ တခြားစီ ဖြစ်နေ၏ နောက်လိုက်များ စွာ မှာ ရိုး သား ၍ ရွှန့်စား ဘူးသော ဝံသာနုများဖြစ်၏၊ဆိုင်ရာဆိုင်ရာ နယ်တို့တွင် လွတ်လပ်ရေးလုပ်ငန်းအတွင်း အားတက်သရောဝင်လာအောင်လုပ်ဘို့လိုပေသည်၊

(စ) သခင်၊ ၊ခေါင်းဆောင်တို့ မှာ ထားနယ်ချဲ့သမားတို့၏ပျောက်ကြားတပ်သားများဖြစ်နေလေပြီ၊ ၊နောက်လိုက်တို့က မူရိုးရိုးသားသားနှင့် လွတ်လပ်ရေးလုပ်ငန်း လူထု လုပ်ငန်းတို့ကို အားပေးလို၏၊ တို့ဗမာ နှင့်သခင် ဟူ သော

စကားနှင့်လုံးကိုးသံယောဇဉ်တွယ်နေ၏။ ။ သူတို့၏ခေါင်းဆောင်များ ယုတ်ညံ့နေပုံတို့ကို ဖော်ဂရုတ်ပြီး နောက်လိုက်များကို၊ လူထုသုပ်ငန်းအတွင်းသို့သိမ်းသွင်းရမည်၊

(ဆ) ဆိုရှယ်လစ်ပါတီ၊ ။အမည်အားဖြင့်ဆိုရှယ်လစ်များဖြစ်၏၊ ။ဝေဇယ်အားဖြင့် ထက်ဝဲမျိုးချစ်များဖြစ်၏၊ ပညာတတ် လူတန်း စား၊ အလယ်အလင်အတန်းစား၏ ကိုယ်စားလည်ဖြစ်၏။ ။

နယ်ချဲ့ဘာမားထက်အောက်၌ နေရ သော အလယ်အလတ် အတန်းစား တို့သည်၊ ပြင်းထန်းသာတော်လှန်မှုကိုလိုလား၏၊ အရင်းရှင်စံနစ်ကြောင့်၊ ချောက်ချောက်ချားချား ဖြစ်ခါ၊ ဆင်းရဲသားလူတ၏ကောင်းစားရေး။ လိုလားရေးကဲ ဗိုးတိုဂါးတား လိုလား၏..... လူတန်းစားတိုက်ပွဲမပြင်းထန်မှီ၊ အချိန်အထိ ကွန်မြူနစ်ဝါဒ ဆိုရှယ်လစ်ဝါဒတို့ကို ကြိုက်တတ်၏၊ လူတန်းစားတိုက်ပွဲ ဆုတ်ယုတ်သောခေတ်၌၊ ဆိုရှယ်လစ်ဝါဒ–ကွန်မြူနစ်ဝါဒ တို့ကိုစွန့်ကြ၏ ...... ဆိုရှယ်လစ်ဝါဒကို နှစ်သက် သည့်ဆိုသောအရှေ့တိုင်းသားထက်ဝဲမျိုးချစ်ခေါင်း

ဆောင်တို့သည်၊ ဤလမ်းကို လိုက်ကြ၏ ....
အိန္ဒိယပြည်တွင်၊ ကွန်ဂရက် ဆိုရှယ်လစ်ပါ
တီ၊ ယူပီဒယားတွင် လုံပချဒဘ်ခေါင်းဆောင်သူ
လူဘရ၊ အင်ဒိုနီးရှားတွင်၊ မဟာမက် ဟတ္တား
ခေါင်းဆောင်သည့်လူရ၊ စသည်တို့ ဤအတိုင်း
ဖြစ်၏၊

ဗမာပြည်မှ ဆိုရှယ်လစ်များလည်း၊ ဤကဲ့
သို့သောဆိုရှယ်လစ်များပင်ဖြစ်၏။

ဆိုရှယ်လစ်များတွင် အထက်တန်းစားတို့
၏၊ နိုင်ငံရေးလုပ်လိုသူနှင့်၊ ကွန်မြူနစ်တို့၏ နိုင်ငံ
ရေးလုပ်လိုသူဟူ၍နှစ်မျိုးရှိပေသည့် လူထုလုပ်
ငန်းကို လုပ်လိုသူဆိုရှယ်လစ်များသည်ကား၊
အလားအလာများစွာရှိ၏၊ ထိုကဲ့သို့သူများနှင့်
လူထုလုပ်ငန်းများကိုပူ တွဲပြီးလုပ်နိုင်သမျှ လုပ်
ရန်လိုပေသည်။

ဆိုရှယ်လစ်တို့တွင် ချို့ယွင်း ချက်များရှိ
စေကာမူ၊ နယ်ချဲ့သမားများကို တိုက်လိုသူများ
ဖြစ်၏၊ နယ်ချဲ့သမားတို့ကို တိုက်ရာတွင်၊ ရိုး
သားသူမှန်သမျှနှင့် ပူးပေါင်းရန်လို၏၊ နယ်ချဲ့စံ
နစ်တိုက်ဖျက်ရေးတပ်ပေါင်းရတွင်၊ ကွန်မြူနစ်
တို့နှင့်အလုပ်တူလုပ်ရမည်၊ သူတို့အဖွဲ့ထဲတွင်
အရိုးသားဆုံးသောမျိုးချစ်များဟုယူဆရမည်။

သူတို့၏ချို့ယွင်းချက်များကိုဘား၊ အလုပ်လုပ်ရင်းပြင်ဆင်သွားရမည်။

အထက်တန်းစား နိုင်ငံရေးလုပ်လိုသဖြင့်၊ ခြေရှုပ်မှုတို့ ရှိကုန်ရကား၊ မညာမတာ ဖေါ်ထုတ်ပေးရန်ကားလိုပေသည်။

ဂျပန်လက်ထက်ကကွန်မြူနစ်လုပ်ခဲ့သူ အချို့သည်၊ ယခုအခါ ဆိုရှယ်လစ်ပါတီဝင်ကြ၏၊ ၊ဂျပန်လက်ထက်ကဂျပန်တိုက်ရေးသည်အဓိကဖြစ်၏။ တိတ်တိတ်ပုန်း စည်းရုံးရသည်မှာအရသာရှိခဲ့၏၊ ညသန်းခေါင်းကျော်အခန်းပိတ်၊မီးမထွန်းဘဲ အစည်းအဝေးလုပ်ရသည်မှာ၊အရသာထူးဖြစ်၏၊ ၊လျှို့ဝှက်သောစာတမ်းအိပ်ထဲပါလာသျှင်သူရဲကောင်းဖြစ်၏၊ ကွန်မြူနစ်ပါတီသည်တိုက်ခိုက်ရေးကို စည်းရုံးနေသည့်အခါ၊ စွန့်စားလိုသည့် လူငယ်များစိတ်ဓါတ်နှင့်ကိုက်၏၊

စစ်ပြီးသည့်အခါ၌၊ လူထုစည်းရုံးရေးလုပ်ငန်း လူထုအကျိုးဆောင်လုပ်ငန်းသည်၊ အဓိကဖြစ်လာ၏၊သေနတ်နှစ်လက် ခါးကြားထိုးရသလိုအရသာမရှိ၊ ၊ဗွဲ့နပဲနဲ့ လုပ်ရသောအလုပ်ဖြစ်လာ၏၊လူငယ်တို့၏ မိုက်ရူးရဲစိတ်နှင့် မကိုက်တော့၊ ၊ချရမည် နှက်ရမည် စသည့်

တို့မကြားရသည့်နေရာတွင်များစွာမနေလိုကြ၊ ချကောင်းချလိမ့်မည် ထင်သော နေရာသို့ အကုန်စုသွားကြ၏၊

ဤသို့အားဖြင့်အချို့သည် ကွန်မြူနစ်အဖြစ်ကိုစွန့်ကြ၏၊ လူထုလုပ်ငန်းသည်၊ ခြောက်လုံးပြူး တဘက်ခါးထိုး၊ တဘက်ကဒါးလွှယ်ရသလို အရေးရှိသည့်လုပ်ငန်းဖြစ်အောင်၊ ကွန်မြူနစ်ပါတီကစီစဉ်ပေးရန် လိုပေသည်၊

သို့မှ မဟုတ်လျှင်၊ စွန့်စွန့်စားစား မိုက်ရူးရဲ လုပ်ရမည်ထင်၍၊ ကွန်မြူနစ်ပါတီ ဝင်သူတို့သည်၊ ပါတီကိုစွန့်ကာအကုန်ဆိုရှယ်လစ်လုပ်ကြမည်ကားမလွဲဖြင်၏၊

ကွန်မြူနစ်ဖြစ်ပြီးမှ၊ ဆိုရှယ်လစ် ဖြစ်သူတို့တွင်၊ ကွန်မြူနစ် ခေါင်းဆောင်အချို့၏ ဆက်ဆံရေးမကြိုက်၍ဆိုကြ၏၊ ဆက်ဆံရေး ညံ့လျှင်ကွန်မြူနစ်တို့သည် ပြုပြင်နိုင်၏၊ အမှားရှိလျှင်ဝန်ခံနိုင်၏။ ၊ကွန်မြူနစ်မဖြစ်နိုင်၍၊တမင်သက်သက်အပြစ်ဆိုလျှင်ကားဖြေရန်ခက်၏၊

ကွန်မြူနစ်တို့၏စည်းမျဉ်း၊ ကွန်မြူနစ်တို့၏ လုပ်ငန်းကိုမလိုက်နိုင်၍၊ ဆိုရှယ်လစ်ဖြစ်ကုန်သူတို့လည်းရှိ၏၊ ၊ထိုသူတို့အဘို့မူကား၊မည်သို့မျှမတတ်နိုင်ပေ.....

(ဈ) အလုပ်သမား၊ လယ်သမားသမဂ္ဂများအပြင်၊ လူငယ်၊ ကျောင်းသား၊ အမျိုးသမီး၊ ဘုန်းကြီး စသော လူထုအစည်းအရုံးများ ကြီးထွားစေရန် ကွန်မြူနစ်တို့က ကြိုးစားရမည်၊ ။တိုင်းပြည်ညီညွတ်ရေး၊ လွတ်လပ်ရေးတွင် သူတို့ပါဝင်လာအောင် ကြိုးစားကြရမည်၊ ဆိုင်ရာ အစည်းအရုံးတို့သည်၊ နိုင်ငံရေးပါတီ၏ ငြင်းတလင်း မဖြစ်စေရန်၊ ကွန်မြူနစ်ပါတီက အထူးဂရုစိုက်ရမည်၊

အထက်ပါကိစ္စအရပ်ရပ်တို့နှင့် ပတ်သက်၍ ပြုပြင်ထားသော ညီညွတ်ရေးအခြေခံကို တိုင်းပြည်က ထောက်ခံလာအောင်၊ ပါတီဝင်တို့သည်၊ အပြင်းအထန် ကြိုးစားရန် လိုပေသည် ......

၆၊ လက်ဝဲဂိုဏ်းညီညွတ်ရေး၊

ယခုအခါ လက်ဝဲဂိုဏ်းများ ညီညွတ်ရမည် ဟူသော ကြွေးကြော်သံများ ပေါ်ပေါက်နေသည်၊ ၎င်းကြွေးကြော်သံ၏ အဓိပ္ပါယ်မှာ၊ ညီညွတ်ရေးဂိုဏ်းကြီး အတွင်း ဂိုဏ်းကလေးများဖြင့် အထင်ထင်ရန်ကာ၊ ညီညွတ်ရေး တည်ဆောက်ခြင်းဖြစ်၏၊ ၎င်းဝါဒသည်၊ အိန္ဒိယပြည်ကို အတုခိုးသောဝါဒဖြစ်၏၊ အိန္ဒိယပြည်၌ အမျိုးသားကွန်ဂရက် ကြီးရှိ၏၊ ထိုကွန်ဂရက်အတွင်း၌ ဗိုဒ်ဒီလာသော် ကုလားအရင်းရှင်များ ကြီးစိုး

သောလက်ျာဂိုဏ်းဖြစ်၏၊ လက်ဝဲဂိုဏ်းများမှာ ကွန်မြူနစ်(စ) ဆိုရှယ်လစ်(စ) ရှင်းဝါဒ သမားများ၊ ဘွ(စ)ဝါဒသမားများ ဟူ၍၊ လက်ဝဲဂိုဏ်း - လေးဂိုဏ်းရှိခဲ့၏၊ လက်ျာဂိုဏ်းတိုက်ခိုက် ရာ၌၊ လက်ဝဲဂိုဏ်းများညီညွတ်သော့ဆိုသောကြွေးကြော်သံ ပေါ် ပေါက်လာ၏။ အခြေခံသဘောတရားခြင်းမတူသော လက်ဝဲ ဂိုဏ်းတို့၏ညီညွတ်ရေး သည် ကြာကြာမခံ၊ အခြေအနေပြင်း ထန်လာသည်နှင့်ထိုညီညွတ်ရေးမှာပျက်ပြားခဲ့၏၊

အိန္ဒိယကွန်ဂရက်ကြီးသည်၊ ညီညွတ်ရေးတပ်ပေါင်း စုဖြစ်ခဲ့သော်၊ ဤသဘော ရှုံးမှန်သလောက်မှန်ပေသည်၊ သို့ရာ တွင်ယခုအခါ၌၊ မူစလင်လိဂ်သည်၊ လူထုအစည်းအရုံးကြီး အဖြစ်နှင့်၊ ကွန်ဂရက်နှင့်စင်ပြိုင်ဖြစ်လာ၏။ ကွန်မြူနစ်(စ)တို့ သည်၊ ကွန်ဂရက်အား ညီညွတ်ရေး တပ်ပေါင်းစု အနေနှင့် မဟုတ်ဘဲ၊ တပ်ဘတပ်အနေနှင့်သာထောက်ခံ၏။ အလုပ်သမား လယ်သမားသမဂ္ဂများသည်ကွန်ဂရက်ကိုအကျင်းမဲ့ထောက် ခံခြင်းမပြုတော့၊ မဟာရာဇာနယ်များမှာ၊ လူထုလွတ်လပ်ရေး လုပ်ငန်းမှာ ကွန်ဂရက်နှင့်မဆိုင်၊ ကွန်ဂရက်သည် ညီညွတ် ရေးတပ်ပေါင်းစုမဟုတ်ဘဲ၊ တပ်ပေါင်းစု အပါအဝင် တပ် တတပ်မျှသာဖြစ်၏။

ဗမာပြည်တွင် ကွန်ဂရက်လို အဖွဲ့မရှိ၊ ကွန်ဂရက်လို အဖွဲ့မျိုးတောင့်တသူများ အမြောက်အများရှိ၏၊ ဤကား မှား သောတောင့်တခြင်းဖြစ်၏၊ ဗမာပြည်တွင် ကွန်ဂရက်လို အဖွဲ့ ကြီးရှိက၊ ကွန်ဂရက်သက်ရှိအခြေအနေ ဖြစ်လိမ့်မည်။

ဗမာပြည်တွင်လက်ျာဂိုဏ်းဟု၍ကျကျနနမရှိလက်ျာဂိုဏ်းမှာ၊နယ်ချဲ့သမားနှင့် အသိုင်းအဝိုင်းများသာဖြစ်၏၊ သူတို့အားတိုက်ခိုက်ရေးအတွက်၊ ညီညွတ်ရေး တစ် ပေါင်း ရ မှာ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ဖြစ်၏၊ လက်ဝဲဂိုဏ်း ညီညွတ်ရေးမှာ ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်၏ ညီညွတ်ရေးသာဖြစ်ရမည်၊

ဗမာပြည်၌ယခုအခါ လက်ဝဲသမားချည်း ဖြစ်ကုန်ပြီ၊ ဘုရင်ခံသည်သူကိုယ်သူဆိုရှယ်လစ်လို့ ပြောနေ၏၊

ဦးဘဆွေ၊ ဦးမြတို့မှာ ပြည်သူ့ လွတ်လပ်ရေးအဖွဲ့ချုပ်အတွင်း၌၊တပါတီအနေနှင့်ဖွဲ့စည်းရန် လမ်းမမြင်၊သူတို့၏အတန်းအစားမှလူများသည်ဆိုရှယ်လစ်များဖြစ်သောနိုင်၏၊

တနည်းအားဖြင့် ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ ချုပ်ညီညွတ်ရေးမှာ၊ကွန်မြူနစ်နှင့်ဆိုရှယ်လစ်ညီညွတ်ရေးဖြစ်၏၊ ၎င်းညီညွတ်ရေးမှာ၊ပြည်သူ့ အဖွဲ့ချုပ်မှအပ၊ သပ်သပ်တည်ဆောက်ရန်မလို၊ ပြည်သူ့ လွတ်လပ်ရေးအဖွဲ့ချုပ် အတွင်း၌ပင် တည်ဆောက်နိုင်၏၊

လက်ဝဲဂိုဏ်းညီညွတ်ရေးဆိုရာ၌၊တပါတီအတွင်းပူးပေါင်းရေးလော၊ အလုပ်အတူတူ လုပ်ခြင်းလော၊ ပြောသူတို့ကိုယ်တိုင်ရှင်းကြ၊ တပါတီတည်း ဖြစ်ရေးအတွက်လည်း ~~လုံးဝမဖြစ်နိုင် အ~~တန်းအစားကွဲပြား၍၎င်း၊ အခြေခံ သဘောတရားကွဲပြား၍၎င်း၊ရည်ရွယ်ချက်ကွဲပြား၍၎င်း၊ စိတ်နေစိတ်

ထားကွဲပြား၍၎င်း၊ ရာဇဝင်အရကွဲပြား၍၎င်း၊ လက်ရှိလုပ်ငန်းများအရကွဲပြား၍၎င်း၊ တပါတီတည်းမဖြစ်နိုင်၊

အလုပ်တူလုပ်ရန်ဆိုကဖြစ်နိုင်၏၊ လူထု၏ လုပ်ငန်းသွေးမကွဲစေရန်အတွက်၎င်း၊ အလစ်ချောင်းနေသူများ ကြားကမရှုပ်နိုင်ရန်အတွက်၎င်း၊ ယာယီညီညွတ်ရေးသာ ဖြစ်ရမည်၊ ဤကား (Negative Aspect) ဖြစ်၏။

စည်းလုံးရေးတောင့်တင်းခိုင်မာရန်အတွက်၊ လူထုလုပ်ငန်းများအတူတူလုပ်ခြင်းဖြစ်နိုင်၏၊ ဤကား (Positive Aspect) ဖြစ်၏၊

ဤညီညွတ်ရေးအတွက်၊ လက်ကုက်၍အပြင်ခေါ်၊ သေးထွက်၍ဘိတ်တိတ်ကလေးကြိတ်ပြီးလုပ်နိုင်သော ညီညွတ်ရေးမဟုတ်၊ ဤအလုပ်မျိုးလုပ်ခဲ့လျှင်၊ ယခုထိလုပ်၍မရ၊ သဘောတူပြီးသမျှတဘက်ကဖျက်ပစ်သည်သာများ၏၊ ဤကဲ့သို့ညီညွတ်ရေးကိုဖြစ်နိုင်သမျှဆက်လုပ်ရမည်၊ သို့ရာတွင် ဖျက်သူတို့ကိုအမြဲဘော်ထုတ်ရမည်၊

သို့ရာတွင် အခြားပုဂ္ဂိုလ်များ အဖွဲ့များမပေါင်းမပါဝင်ရေးအတွက်ကွန်မြူနစ် (စ) ပါတီက သတိသတိလည်း ကြိုးစားရမည်။

၇။ စည်းရုံးရေးပြဿနာများ။

မြည်သူလွတ်လပ်ရေးအဖွဲ့ချုပ်မှာ၊ စာင်းမျဉ်းကျ ကျနနမရှိ၊ ဖွဲ့စည်းပုံနှင့်ပါတ်သက်ပြီး၊ တယောက်တမျိုးစီ သဘောထားကြ၏၊

ဃ။ ၁၉၄၄–ခုနှစ်နိုဝင်ဘာလတွင်ဖွဲ့စည်းပုံဥပဒေ တခုထုတ်ပြန်ခဲ့၏။

ခ။ ၁၉၄၅–ခုဖေဖော်ဝါရီလတွင်အဖွဲ့များ၏စည်းမျဉ်းများကိုထုတ်ပြန်ခဲ့၏။

၎င်းစည်းမျဉ်း များမှာ ခေတ်မမှီတော့၊ ၎င်းတို့ကို ယခု အခါအသုံးမပြုတော့။

က။ နေ့သူရိန်အစည်းအဝေး၌ ယာယီဖွဲ့စီးပုံဥပဒေကိုပြဋ္ဌာန်းခဲ့၏။

ခ။ အောက်တိုဘာလ၊ဦးစီးအဖွဲ့အစည်းအဝေးက ဆက်သွယ်ရေးစည်းမျဉ်းများကို အတည်ပြုလိုက်၏။

ဂ။ စည်းရုံးရေးကော်မီတီက၊ နယ်အဖွဲ့ခွဲများ ဖွဲ့စည်းရေးစည်းမျဉ်းကိုထုတ်ပြန်လိုက်၏။

အထက်ပါစည်းမျဉ်းတို့မှာ ယာယီမျှသာဖြစ်၍၊ ဖြစ်က တတ်ဆန်းလုပ်ထားခြင်း ဖြစ်၏။ နိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်တွင်စည်းမျဉ်းအသစ်ရေးဆွဲရတော့မည်၊ပဋ္ဌမဦးစွာ၊ နာမည် ကိုစဉ်းစားရမည်၊

ယခုနာမည်မှာရှေ့ရှည်နေ၏၊ တိုင်းပြည်က နားမလည်၊ နာမည်ရှင်းနေသည်က အလုပ်တခုဖြစ်နေ၏၊ အခေါ်လွယ်ပြီး အဓိပ္ပါယ်ပေါ်သောနာမည်ရွေးရပေမည်၊ ဗမာပြည်လွတ်လပ် ရေးအဖွဲ့ချုပ်ဟု ခေါ်လျှင်တော်လောက်ပြီ၊ ခုတ်ထိုးပြသသနာ ကား၊စည်းရုံးရေးမှုဖြစ်၏။

က။ အချို့ ခေါင်းဆောင်များကမူ၊တဦးချင်း အသင်းဝင်ခြင်းကိုသဘောကျ၏၊ အိန္ဒိယကွန်ဂရက်ကြီးဘို့နမူနာဖြစ်၏၊၎င်းနမူနာအရ လူမျိုးရေးအစည်းအရုံးများ၊လူထု အစည်းအရုံးများကိုအသိအမှတ်မပြု၊ အိန္ဒိယကွန်ဂရက်၏ ဖွဲ့စည်းပုံမှာ အတုခိုးစရာ မဟုတ်တော့၊ ဗမာပြည်၏သက်ရှိ အခြေအနေနှင့်မကိုက်၊

ခ။ ကွန်မြူနစ်တို့ကမူ၊တင်ချင်းပေါင်းသည့်သဘော ညွန့်ပေါင်းသဘောမျိုးဖွဲ့လို၏၊ကိုယ့် အဖွဲ့နှင့်ကိုယ်နေပြီ၊သတ်မှတ်သော လုပ်ငန်းစဉ် အတိုင်းကိုယ်စားလည်းပေါင်းစုံအဖွဲ့က၊ဆောင်ရွက်သွားရန်ဖြစ်၏၊ဤသဘောမျိုးမှာ၊ ဥရောပနိုင်ငံများဖြစ်နိုင်သော်လည်းဗမာပြည်က နားမလည်သည်ကိုတွေ့နေရ၏၊

အချုပ်ဆိုရလျှင်၊ တဦးချင်းဝင်ခြင်း၊ အဖွဲ့လိုက်ဝင်ခြင်းဟူ၍ပူးတွဲသောမှုကို အသုံးပြုရပေမည်၊

တနည်းအားဖြင့် ဆိုသော် လေဘာပါတီ (အင်္ဂလန်)၏စည်းမျဉ်းများကဲ့သို့ လုပ်ရမည်၊ လေဘာပါတီမှာ တဦးချင်းဝင်နိုင်၏၊ အဖွဲ့လိုက်လည်းဆက်သွယ်နိုင်၏၊ နယ်များတွင်လည်းအဖွဲ့ခွဲများရှိ၏၊

အောက်ပါ စည်းမျဉ်း အကြမ်းကို အကြံ ပေးအပ်ပေသည်၊

က၊ တဦးချင်း အသင်းသားများကို မှတ်ပုံသွင်းရန်မလို၊ မှတ်ပုံတင်လျှင်၊ နှစ်ခါဝင်၊ သုံးခါဝင်ဖြင့်၊ အသင်းသားများရှုပ်နေမည်၊ ဥပမာ၊ လယ်သမားသမဂ္ဂဝင်သည်၊ ဖဆပလ လွတ်လပ်ရေးအဖွဲ့ချုပ်တွင် တခါပြန်ဝင်ရလျှင်၊ နားမလည်သောလယ်သမားများအဖို့ ရှုပ်သွားပေမည်၊ ၊

ခ၊ ကျေးရွာကော်မီတီများကို၊ လူထုအစည်းအဝေးများဖြင့် ရွေးကောက် တင်မြှောက်ရမည်၊ ၎င်းကော်မီတီတွင် အဖွဲ့ ကိုယ်စားလှယ်များပါဝင်ရန်မလို၊ တဦးချင်းအနေနှင့် အရွေးခံရက ပါနိုင်သည်၊

ကျေးရွာကိုယ်စားလှယ်များ၏ ကွန်ဖရင့်ကမြို့နယ်ကော်မီတီ၊ မြို့နယ် ကိုယ်စား လှယ်များ၏ကွန်ဖရင့်ကခရိုင်ကော်မီတီ စသည်တို့ကိုရွေးကောက် တင်မြှောက်ရမည်အဖွဲ့ကိုယ်စားလှယ်များတဦးချင်းအနေနှင့်ပါရမည်၊

ဃ၊ နိုင်ငံလုံးဆိုင်ရာကွန်ဂရက်ကို ခရိုင်တိုင်းမှာလူဦးရေအလိုက်ရွေးကောက်စေလွှတ်ရမည်၊

င။ လူထုအစည်းအရုံးများ၊လူမျိုးရေးအစည်းအရုံး များကာ့ ကွန်ဂရက်သို့ တိုက်ရိုက် ကိုယ်စား ထည့်လွှတ်နိုင်သည်၊လူမျိုးရေး အစည်းအရုံး များကလူဦးရေအလိုက်၊ လူထု အစည်းအရုံး များကအသင်းသားဦးရေအလိုက်၊ ကိုယ်စား လှယ်စေလွှတ်ရမည်၊

စ။ နိုင်ငံရေးပါတီများကကိုယ်စားထည့်လွှတ်ရန် မလို၊ ပါတီဝင်တို့သည် တဦးချင်း အနေနှင့် ထက်ရောက်လာကြရမည်၊

x x x x x

ဂ။ ကွန်မြူနစ်ပါတီ၏တာဝန်၊

ကွန်မြူနစ်ပါတီဝင်တို့သည်၊ညီညွတ်ရေး တပ်ပေါင်း စုတည်ဆောက်ရေးတွင်၊အကောင်းဆုံးလူရ ပ်ရမည်၊ လုပ် ငန်းစဉ်ကျနအောင်ကြိုးစားရမည်၊နိုင်ငံရေးတွင် ရှေ့ဆော င် ရမည်၊နိုင်ငံရေးတွင်သန့်ရှင်းအောင်လုပ်ရမည်၊ နိုင်ငံရေးတွင် ဂုဏ်ထိုက်စွာမဖြစ်အောင် လုပ်ရမည်၊ မသန့်ရှင်းသော နိုင်ငံရေး ပုဂ္ဂိုလ်စွဲနိုင်ငံရေးတို့ကိုတိုက်ရမည်၊ နိုင်ငံရေးဝင်စသူများကို စိတ်ပျက်အောင်မလုပ်ရ၊ လူကြီးများကို နေရာချထားတတ်ရ မည် လူငယ်များကိုစိတ်တက်သန်ထားအောင်လုပ်ရမည်၊ လူ မျိုးရေးအစည်းအရုံးများကိုကူညီရမည်၊ လူထု အစည်းအရုံး

များကို တခုတည်းဖြစ်အောင်လုပ်ရမည်၊ ပါတီများ ဆက်ဆံရေးတွင်သန့်ရှင်းအောင်လုပ်ရမည်။ ခြေထိုးမှုတိုက်ဖျက်ပြစ်ရမည်။ ကွန်မြူနစ်တို့သည် ညီညွတ်ရေးသမား ။ စည်းလုံးရေးသမားတို့၏ထိပ်သီးဖြစ်ရမည်။

## ညီညွတ်ရေး၊

ဗမာပြည်အာဏာပိုင် တိုင်းပြုပြည်ပြုလွှတ်တော်ကြီးခေါ် ရှူးကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော အခြေအနေသို့ ဆိုက်ရောက်အောင် (ဝါ) လွတ်လပ်ရေးရအောင် အလို ဆုံးသော အရာမှာ ညီညွတ်ရေးပင်ဖြစ်ကြောင်း၊ ညီညွတ်ရေးသည် တူညီသောအကျိုး၊ တူညီသောအလုပ်နှင့်တူညီသော ရည်ရွယ်ချက်တို့တွင်အခြေပြုရမည်ဖြစ်ကြောင်း။

ပစ္စည်းမဲ့အလုပ်သမား လူတန်းစားသည် တူညီသော အကျိုး၊ တူညီသောအလုပ်နှင့် တူညီသော ရည်ရွယ်ချက်တို့တွင်အခြေပြုကာ သမဂ္ဂများဖွဲ့၍၊ ခိုင်မြဲသော ညီညွတ်ရေးကို တည်ဆောက်ရန်၊ ဗမာပြည်တွင် အလုပ်သမားတို့အတွက် အစည်းအရုံးတခုသာရှိရန်နှင့်၊ အလုပ်သမားတိုင်း ညီညွတ်ရန် လိုပေကြောင်း။

လယ်သီးစား၊ လယ်ကျွဲနှင့် လယ်ယာ မြေငှာအထိုက်အလျောက်ပိုင်ဆိုင်လုပ်ကိုင်သောတောင်သူလယ်သမားများအားလုံးသည်တူညီသော အကျိုး၊ တူညီသော အလုပ်နှင့် တူညီသောရည်ရွယ်ချက်များတွင်အခြေပြုကာ၊ လယ်သမား

သမဂ္ဂများကို တည်ထောင်ကြရန်၊ ဗမာပြည်တွင် တောင်သူလယ်သမားတိုင်း ညီညွတ်ရန်လိုပေကြောင်း၊

စက်ပိုင်၊လုပ်ငန်းပိုင်၊ဘဏ်ပိုင် ကုန်သည်ကြီးစသည်တို့တွင်ဗမာပြည်စီးပွါးရေးကိုဗမာပြည်သူပြည်သားတို့အကျိုး၌၊ ဖြန့်ထည့်ဘူးထောင်ရန်နှင့်အခြေအနေ မြှင့်တင်ရန်တို့ အတွက် ဗမာပြည်ကုန်သည်ကြီးများအသင်း (Burma Chamber of Commerce and Industry)ဘွင်စည်းရုံး ညီညွတ်ကြရန်လိုပေကြောင်း၊

ထို့အတူရေးသည်၊ပွဲစား၊စာရေးစာချီ၊ ပညာသည် ရှေ့နေစသည်တို့သည်လည်း၊ဆိုင်ရာဆိုင်ရာသမဂ္ဂများကို ဖွဲ့စည်း၍ ညီညွတ်ရေးတည်ဆောက်ကြရန်လိုပေကြောင်း၊

ဗမာနိုင်ငံရှိဘိုင်းရင်းသားများသည်လည်း သက်ဆိုင်ရာလူမျိုးလိုက် တခုတည်းသော အစည်းအရုံးများကို တည်ထောင်၍ညီညွတ်ကြရန်လိုပေကြောင်း၊

နိုင်ငံရေးပါတီတို့သည်လည်း၊ဝဖွမ်ဆွာန်ကျကျဖွဲ့စည်းကြလျက်၊ လုပ်ငန်း၊လုပ်နည်း နှင့်ဝါဒတူသောပါတီအချင်းချင်းပူးပေါင်းကြရန်လိုအပ်ပေကြောင်း၊

အထက်ပါနည်းအတိုင်း ဖွဲ့စည်းညီညွတ်အပ်သောလုတန်းစားအစည်းအရုံးများ၊တိုင်းရင်းသား လူနည်းစုအဖွဲ့များနှင့်နိုင်ငံရေး ပါတီများသည်၊ မြိတ်သူ နယ်ချဲ့ သမား လက်အောက်မှလွတ်မြောက်ရေး၌တူညီသောအကျိုး၊ တူညီသော အလုပ်နှင့်တူညီသော ရည်ရွယ်ချက်များရှိပေရာ၊ ဗမာပြည်ရှိ

လူတန်းစားတိုင်း၊ တိုင်းရင်းသားလူနည်းစု တိုင်းနှင့် နိုင်ငံရေး ပါတီတိုင်းသည်၊ လွတ်လပ်ရေးအင်အားစု၏ ပေါင်းဆုံရာဖြစ် သော၊ ဖ-ဆ-ပ-လ-အဖွဲ့ ချုပ်ကြီးတွင် ပါဝင် ပူး ပေါင်း ဆောင်ရွက်ရန်လိုပေကြောင်း၊ ဖ-ဆ-ပ-လ-အဖွဲ့ ချုပ် ကြီး တွင် တကဲ့အမျိုးသား ညီညွတ်ရေးကို ခိုင်မြဲအောင် တည် ဆောက်ကာ၊ ဗမာပြည် လွတ်လပ်ရေးကို အရယူရမည်ဖြစ် ပေကြောင်း၊

## နိုင်ငံရေးဆုံးဖြတ်ချက်၊

ကွန်မြူနစ်ပါတီသည်အမျိုးသားလွတ်လပ်ရေးလုပ်ငန်း ကိုမဖေါက်မပြန် တော်ဖြောင့်မှန်ကန်သော လမ်းကြောင်း အ တိုင်း ဆောင်ရွက်သည့်ပါတီ ဖြစ်သည့်အတိုင်း၊ အမျိုးသား လွတ်လပ်ရေးအင်အား အားလုံးတို့ စုစည်းရာ ဖြစ်သော ဖက် ဆစ်ဘိုက်ဖျက်ရေး၊ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၏လုပ်ငန်း များကိုအစဉ်ထောက်ခံသျက်ရှိပေကြောင်း။

ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ ချုပ်ကသတ်မှတ်သော လုပ်ငန်းများ ထိရောက်အောင် ဆောင် ရွက်ခြင်းသည် တိုင်းပြည်၏ လွတ်လပ်ရေး လမ်းပင်ဖြစ်သည်၊ ထိရောက်အောင်ဆောင်ရွက်ရန်တာဝန်သည် ကွန်မြူနစ်ပါတီ ၏အကြီးဆုံးတာဝန်ဟုယူဆသဖြင့်၊ ဖက်ဆစ် တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်က၊ ယခုအခါ သတ်မှတ်ထား သောအောက်ပါလုပ်ငန်းများကိုဖြစ်မြောက်အောင် ဆောင်ရွက်

ရန်၊ကွန်မြူနစ်ပါတီဗဟိုရ်ကော်မီတီက အဖွဲ့ခွဲများအား ညွှန်ကြားကြောင်း၊

(က) ရွှေတိဂုံဘုရားအလယ်ပစ္စယံ အစည်းအဝေးများကိုလူထုနှင့်ထောက်ခံရေး။
(ခ) မဲစာရင်းများကောက်ရေး......
(ဂ) ဇွဇင်ဘာလ ၃၁-ရက်နေ့မတိုင်မှီ ငွေ ၂-သိန်းကောက်ခံရေး။
(ဃ) ဇန်နဝါရီလအတွင်း နိုင်ငံလုံး ဆိုင်ရာ ကွန်ဂရက်ကျင်းပရေးတို့ဖြစ်ကြောင်း၊

အထက်ပါလုပ်ငန်းများသာမက၊ နိုင်ငံရေးစိတ်ဓါတ်အဆက်မပြတ်တက်ကြွနေစေရန်နှင့် နိုင်ငံစည်းလုံး ပိုမိုတောင့်တင်းစေရန်အတွက်အောက်ပါလုပ်ငန်းကိုတိုင်းပြည်က မနားမနေ ဆောင်ရွက်သင့်သည်ဟု ဗဟိုရ်ကော်မီတီက ထင်မြင်ယူဆကြောင်း။

၁။ နိုင်ငံရေးလုပ်ငန်းများ။

(က) "ရွေးကောက်ပွဲ ချက်ချင်း ကျင်းပလော့" ဟူသောကြွေးကြော်သံသည်၊ တတိုင်းပြည်လုံး၏ ကြွေးကြော်သံဖြစ်လာစေရန်၊
(ခ) နယ်အဖွဲ့အစီး အသီးသီးတို့က မိမိတို့အစွမ်းအစနှင့်မဲစာရင်းဖြင်ဆင်ကြရန်၊

(ဂ) ထာမည့်ရွေးကောက်ပွဲသည်တရားသဖြင့်ရွေးကောက်ပွဲ၊ လွတ်လပ်သော ရွေးကောက်ပွဲဖြစ်စေရန်အတွက်။ ရွေးကောက်ပွဲပြီးစီးမည့် ယာယီအမျိုးသား အစိုးရသည်၊ တိုင်းပြည်ကယုံကြည်သည့်အစိုးရအဖွဲ့ဖြစ်ရန် လိုသဖြင့် လက်ရှိဘုရင်ခံအမှုဆောင်အဖွဲ့ကို ဖျက်သိမ်းပြီး၊ တိုင်းပြည် ခေါင်းဆောင်များ အစုံအညီပါဝင်သည့်ယာယီအစိုးရအသစ်ဖြန့်ဖွဲ့ရေး၊

(ဃ) နိုင်ငံရေးအကျဉ်းသမားများလွှတ်ရေး၊ ပြည်သူ့လွတ်လပ်မှုရရှိရေး၊ ကာကွယ်ရေးနည်းဥပဒေများရုပ်သိမ်းရေး၊

(င) ဖက်ဆစ် တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကသတ်မှတ်ပြီးဖြစ်သော "လူမျိုးရေးကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" သဘောတရားကို တတိုင်းပြည်လုံးက လက်ခံလာရေး- လူမျိုးရေးညီညွတ်မှုရရှိရေး၊

(စ) ဗမာပြည်၏အနာဂါတ်လွတ်လပ်ရေး တည်မြဲမှုအတွက်၊ ကုလားလူထုကြီး၊ တရုပ်လူထုကြီးနှင့်ပိုမိုရင်းနှီးရေး၊

(ဆ) လယ်မြေကိုတိုင်းပြည်က ပိုင်စေရမည်၊ ငွေတိုးကြီးစားစံနစ်ကိုတိုက်ဖျက်ရမည်၊ အဓိကစက်မှုလုပ်ငန်းကြီးများကိုတိုင်းပြည်က ပိုင်စေ

ရမည်၊ တိုင်းပြည်၏ သဘာဝ ပစ္စည်းများကို အစိုးရကအုပ်ချုပ်၍စီမံကိန်းအရ တိုးတက်စေရမည်-ဟူသောတိုင်းပြုပြည်ပြု သွတ်တော်က ဆောင်ရွက်ရမည့်လုပ်ငန်းများကိုတိုင်းပြည်က သက်ခံလာစေရန်သွင်း ဆော်ခြင်း၊

(ဓ) အင်ဒိုချိုင်းနား၊ အင်ဒိုနီးရှားစသော အမျိုးသားလွတ်လပ်ရေးလုပ်ငန်းတို့ကို၊ ဗမာလူထုကြီးကထောက်ခံစေပြီး၊ ကမ္ဘာ့လူထုကြီးနှင့် ဆက်ဆံရင်းနှီးရေး။

## ၂။ နိုင်ငံအတွက်စီမံကိန်းများ။

(က) ယခုအခါဘည်ထောင်ပြီးဖြစ်သော နိုင်ငံတော်စီမံကိန်းအသင်း၏လုပ်ငန်းအောင်မြင်ရေး။ လိုအပ်သောအချက်အလက်များစုဆောင်းရေး၊ နယ်များတွင်စီမံကိန်းအဖွဲ့များဖွဲ့စည်းရေး၊ မြို့ပြပြန်လည်တည်ထောင်ရေးတို့အတွက်၊ စီမံကိန်းများပြုလုပ်ထားရှိရေး။

## ၃။ လူထုအကျိုးဆောင်လုပ်ငန်းများ။

(က) ရွာပျက်လျှော်ကြေးရခြင်း၊ ရေဘေး လွှမ်းမိုးခြင်း။ စစ်ဘေးကြောင့် ဒုက္ခရောက်ခြင်းတည်း

ဟူသောလတ်ထလောဒုက္ခများမှ ကယ်ဆယ်ရေး လုပ်ငန်းများ၊ သက်သာချောင်ချိရေးလုပ်ငန်းများ၊

(ခ) အမြတ်ကြီးစားများ၊အစိုးရအရာရှိများလာဘ်ပေးလာဘ်ယူမှုများ၊ အကျင့်စာရိတ္တ ဖေါက်ပြားမှုများကို တိုက်ခိုက်ရေးလုပ်ငန်းများ၊

(ဂ) အမြတ်ကြီးစားများ၊ မှောင်ကွယ်ဈေး သမားများကိုပြင်းပြင်းထန်ထန်တိုက်ရေး၊

(ဃ) အစိုးရပစ္စည်းဝေရေးလုပ်ငန်းများ စံနစ်တကျဖြစ်ရေး၊

(င) အစာရှားပါးသောဒေသများတွင်အဖွဲ့အစည်းများအားဖြင့်ဆောင်ရွက်သက်သာစေခြင်း၊

(စ) ပညာတိုးတက်ပြန့်ပွားရေး၊အရပ်ကျောင်းများတည်ထောင်ရေး၊ ၎င်းတို့ကို အစိုးရကအသိအမှတ်ပြုရေး၊အခမဲ့ကျောင်းများ၊စာဘတ်ခန်းများဖွင့်လှစ်ရေး၊ ကျန်းမာရေးအဖွဲ့များ တည်ထောင်ရေး၊

(ဆ) နေမှုထိုင်မှုသန့်ရှင်းရေး၊ ကူးစက်တတ်သောပဒပျောက်ရေး၊

(ဇ) အမျိုးသမီးများအားဖျက်ဆီးသည့် တို့ကို ကာကွယ်ရေး၊ပြည့်တန်ဆာမများ၊ မိဘမဲ့ကလေးများကိုကယ်ဆယ်ရေး၊

(ဈ) ဖက်ဆစ်တိုက်ခိုက်ကွင်း သေဆုံးသူ စီးပွားပျက်သူတို့အားအစိုးရကအကူအညီပေးရေး၊

(ည) စစ်တပ်မှ ထွက်လာ သူတို့အားကူညီရေး၊ နေရာချထားရေး၊အလုပ်ရှာပေးရေး၊
(ဋ) တိုင်းပြည်ဝွင်သူခိုးထားပြမှား သောင်းကျန်းနေခြင်းကိုအစိုးရအားလူထုအင်အားနှင့် တကူညီ၍ဖိနှိပ်ခြင်း၊

၄၊ စီးပွားတိုးတက်ရေးလုပ်ငန်းများ၊

(က) ပစ္စည်းအင်အား ပေါများ ရေး အတွက်၊ ပို ဆောင်ရေးအင်အားများတိုးတက်ရေး၊
(ခ) ပြည်တွင်းကုန်ကူးရေး၊တိုးတက်စေခြင်း၊
(ဂ) ငွေစက္ကူဈေးကျလာခြင်းကို တိုက်ခိုက်ခြင်း၊
(ဃ) မမှုတသောကုန်ဈေးနှုန်းကန့်သတ်ခြင်း တို့ကို တိုက်ခိုက်ခြင်း၊
(င) လက်ဝါးကြီးအုပ် အရင်းရှင်စံနစ်ကို တိုက်ခိုက်ခြင်း၊တိုင်းရင်းအရင်းအနှီးကို တိုးတက်စေခြင်း၊
(စ) သမဝါယမကုန်ရုံဆိုင်များကိုတိုးတက်စေခြင်း
(ဆ) အိမ်တွင်းလက်မှုပညာတိုးတက်ရေး၊ လက်မှုလုပ်ငန်းသမဝါယမများပြန့်ပွားစေခြင်း၊

၅၊ စက်မှုလုပ်ငန်းများနှင့်အလုပ်သမားအရေး၊

(က) စက်ရုံများပြန်လည်ထူထောင်ရေး၊
(ခ) အလုပ်သမားတို့၏ နေရေးထိုင်ရေး တိုးတက်စေခြင်း၊

၆။ ထယ်ယာလုပ်ငန်းများနှင့်တောင်သူလယ်သမားအရေး၊

(က) စပါးပိုမို၍စိုက်ပျိုးရေး၊ မြေပဲ-နှမ်း၊ဝါ၊ ပိုမိုစိုက်ရေး၊
(ခ) ကျွဲနွား၊ထွန်တုန်း၊ထွန်တန်း၊ အမတော်ကြေးလုံလောက်စွာရရှိရေး၊
(ဂ) စပါးဈေး၊အသီးအနှံ့ဈေးကောင်းပွန်ရေး၊
(ဃ) တိရိစ္ဆာန်မွေးမြူရေး၊
စသည်တို့ဖြစ်ပေသည်။

၎င်းလုပ်ငန်းအရပ်ရပ်ကိုလူထုအင်အားနှင့် မနားမနေ ဆောင်ရွက်မှသာလျှင်နိုင်ငံရေး စိတ်ဓါတ်ပျက်ပြားမှုကို တားဆီးနိုင်ပြီ။စိတ်ဓါတ်ခိုင်မာလာစေလိမ့်မည်၊ နယ်ချဲ့သမားတို့၏ သွေးခွဲမှုရန်ကိုကျော်လွှန်ပြီး၊နိုင်ငံစိုးလုံးရေးခိုင်မြဲလာလိမ့်မည် အထက်ပါလုပ်ငန်းများကိုဆောင်ရွက်ရာ၌၊ လုပ်ငန်းအလိုက်အဖွဲ့ အသီးသီးများအားဖြင့်ဆောင်ရွက်ရန်လိုပေသည်၊

(က) နိုင်ငံရေးလုပ်ငန်း အရပ်ရပ်ကိုပြည်သူ့ လွတ်လပ်ရေးအဖွဲ့ချုပ်အားဖြင့်ဆောင်ရွက် ရမည်။
(ခ) စီမံကိန်းများကို ဆောင်ရွက်ရာ၌၊ နိုင်ငံရေးမပတ်သက်စေဘဲ၊ ပညာသည်များပါ ပါနိုင်သော အဖွဲ့အစည်းများအားဖြင့် ဆောင်ရွက်ရမည်။
(ဂ) လူထုအကျိုးဆောင်လုပ်ငန်းများကို ဂိုဏ်းဂနပါတီမရွေးအစိုးရ အရာရှိများပင် ပါဝင်နိုင်

သော လူထုကော်မီတီများအားဖြင့် ဆောင်ရွက်ရမည်၊

(c) စီးပွားရေး လုပ်ငန်းများကို၊ ကုန်သည်များအသင်းသမဂ္ဂါယာမ အသင်းများဖြင့် ဆောင်ရွက်ကြရမည်၊

(စ) စိုက်ပျိုးရေးနှင့် တောင်သူလယ်သမား ကိစ္စများကို တောင်သူလယ်သမား သမဂ္ဂများဖြင့် ဆောင်ရွက်ရမည်၊

အထက်ပါအဖွဲ့အသီးသီးများကိုဖွဲ့စည်းရာ၌မည်သည့်ဂိုဏ်းဂနပါတီ၏ထက်အောက်ခံမဟုတ်စေဘဲ၊ လူထုကရွေးကောက်တင်မြှောက်သောအဖွဲ့အစည်းများ ဖြစ်စေရန်၊ ကွန်မြူနစ်များကအထူးသတိပြုရမည်၊ ကွန်မြူနစ်များ ကိုယ်တိုင်ကလည်းဆိုင်ရာအဖွဲ့များတွင် ကြီးစိုးတို့သော လုံ့လမထုတ်ဘဲ၊ ဆိုင်ရာလုပ်ငန်းများကိုအဖြစ်မြောက်ဆုံးလုပ်သူများဖြစ်လာစေရန်လိုပေသည် .....

ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်၏အလံအောက်တွင် တိုင်းပြည်စည်းလုံးရေး ပိုမိုတောင့်တင်းအောင်ဆောင်ရွက်ရန် လိုအပ်သည့်အတိုင်း၊ “ရွှေတိဂုံအစည်းအဝေးတွင်တင်ပြသော–ညီညွတ်ရေးအဆိုကြမ်း” ကိုတိုင်းပြည်က လက်ခံ လာအောင် ကွန်မြူနစ် ပါတီဝင် တို့ကဆောင်ရွက်ရန်ဗဟိုရ်ကော်မီတီညွှန်ကြားကြောင်း၊

ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ ပိုမို ခိုင်ခံ့စေရန်အတွက်၊လာမည့်ကွန်ဂရက် အဖွဲ့ချုပ်၏ စည်းမျဉ်းများစဉ်းစားရာတွင်၊အောက်ပါတို့ကိုထည့်သွင်း စဉ်းစားရန်ဗဟိုဗဲကော်မီတီကအကြံပေးအပ်ပါကြောင်း၊

(၁) ဗမာပြည်လွတ်လပ်ရေးအဖွဲ့ချုပ်ဟူသော အမည်သို့ပြောင်းလဲရန်၊

(၂) အဖွဲ့ချုပ်တွင် မှတ်ပုံတင်သော တဦးချင်း အသင်းသားများကိုမထားရှိရန်၊

(၃) ကျေးရွာကော်မီတီများကို လူထု အစည်းအဝေးနှင့်ရွေးကောက်တင်မြှောက်ရန်၊

(၄) မြို့နယ်ကော်မီတီကိုကျေးရွာ ကိုယ်စားလှယ်များအစည်းအဝေးကရွေးကောက်ရန်၊

(၅) ခရိုင်ကော်မီတီကို မြို့နယ် ကော်မီတီ ကိုယ်စားလှယ်များကရွေးကောက်ရန်၊

(၆) ရွာကော်မီတီ၊မြို့နယ်ကော်မီတီ၊ ခရိုင်ကော်မီတီများအဖွဲ့ချုပ်နှင့် ဆက်သွယ်သော အဖွဲ့များသည်၊အဖွဲ့လိုက်ကိုယ်စားလှယ်လွှတ်ခွင့်မရှိစေဘဲ၊ ဆိုင်ရာအဖွဲ့ဝင်တို့သည် ကော်မီတီများသို့တဦးချင်းအနေနှင့်အရွေးခံကြရန်၊

(၇) နိုင်ငံလုံးဆိုင်ရာကွန်ဂရက်သို့သတ်မှတ်သည့်အတိုင်းခရိုင်များကကိုယ်စားလှယ်လွှတ်ရန်၊

(၈) အဖွဲ့ချုပ်နှင့်ဆက်သွယ်ထားသော နိုင်ငံရေးပါတီများ၊လူမျိုးရေးအစည်းအရုံးများ၊လူထုအ

စည်းအရုံးများသည်၊ နိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်သို့တိုက်ရိုက်ကိုယ်စလှယ် စေလွှတ်ရန်၊

(၉) နိုင်ငံရေးပါတီများအဖွဲ့ချုပ်သို့ကိုယ်စလှယ်များစေလွှတ်ခွင့်ပြုရန်၊

(၁၀) လူမျိုးရေး အစည်းအရုံးများသည်လည်းရေအလိုက်ကိုယ်စလှယ်လွှတ်ရန်၊

(၁၁) လူထုအစည်းအရုံးများကိုအသင်းသား ဦးရေအလိုက်ကိုယ်စလှယ်လွှတ်ရန်၊

(၁၂) နိုင်ငံလုံးဆိုင်ရာကွန်ဂရက်သို့ပါတီမဝင်သော နိုင်ငံရေးခေါင်းဆောင်များလည်းတက်ရောက်နိုင်စေရန်၊

(၁၃) ကွန်ဂရက်မှရွေးကောက်တင်မြှောက်သော ဦးစီးအဖွဲ့၊အလုပ်အမှုဆောင်အဖွဲ့တို့တွင်၊ အဖွဲ့ကိုယ်စလှယ်များအဖြစ် မဟုတ်ဘဲ တဦးချင်းအနေနှင့်ရွေးကောက်ရန်၊ တို့ဖြစ်သည်၊

ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၏စည်းလုံးရေးမှာ ဆိုရှယ်လစ်ပါတီနှင့်ကွန်မြူနစ်ပါတီတို့စည်းလုံးစွာအလုပ်အတူလုပ်ရေးဖြစ်သည်–ဟုယုံကြည်သည့်အတိုင်း။ နိုင်ငံရေးအမှုဆောင်အဖွဲ့ကတင်ပြသောဆိုရှယ်လစ်ပါတီနှင့် အလုပ်တူ လုပ်ရေးစည်းမျဉ်းများကိုဗဟိုကော်မီတီကလက်ခံကြောင်း။